# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၃၀၈)


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက် ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံ အုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ငြိမ်းချမ်းသာယာဝပြောသော အရှေ့တောင်အာရှအတွက် မိမိတို့၏ မျှော်မှန်းချက်များရောက်ရှိရန် အာဆီယံပဋိညာဉ်စာတမ်း၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုလျက် ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များကို မမှိတ်မသုန် လိုက်နာစောင့်ထိန်းလျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၅၈) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများထံ ပေးပို့သည့်သဝဏ်လွှာ**

( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

*လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများ ခင်ဗျား*

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ (၅၈)နှစ်မြောက် နှစ်ပတ်လည် နေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာပြည်သူများနှင့် အာဆီယံပြည်သူများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းပေါ်ပေါက်ခဲ့သည့် အာဆီယံအသင်းကြီးသည် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်တစ်ပြေးညီ သာယာဝပြောရေးကို မြှင့်တင်ရန်အတွက် အသင်းကြီး၏ ရည်မှန်းချက်များကို တည်ကြည်ခိုင်မြဲစွာ ဖော်ဆောင်လျက်ရှိပါသည်။ မိမိတို့အဖွဲ့ဝင်နိုင်ငံများ၏ အတူတကွကြိုးပမ်းမှု၊ အမြော်အမြင်နှင့် မျှော်မှန်းချက်တို့ဖြင့် အာဆီယံအဖွဲ့ကြီးသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကို မြှင့်တင်လျက် ဒေသတွင်းခိုင်မာသည့် အသိုက်အဝန်းတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ပါသည်။ အသင်းကြီးလျှောက်လှမ်းခဲ့သည့် ခရီးလမ်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် မြန်မာနိုင်ငံသည် ဂုဏ်ယူစွာဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းသာယာဝပြောသော အရှေ့တောင်အာရှအတွက် မိမိတို့၏ မျှော်မှန်းချက်များရောက်ရှိရန် အာဆီယံပဋိညာဉ်စာတမ်း၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုလျက် ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များကို မမှိတ်မသုန် လိုက်နာစောင့်ထိန်းလျက်ရှိပါသည်။

အာဆီယံအဖွဲ့ကြီးကို ၁၉၆၇ ခုနှစ်တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ဘရူနိုင်းနိုင်ငံက ၁၉၈၄ ခုနှစ်တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံက ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့က ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံက ၁၉၉၉ ခုနှစ်တွင်လည်းကောင်း အသီးသီးဝင်ရောက်ခဲ့ကြပါသည်။ မိမိတို့အဖွဲ့ဝင်နိုင်ငံများ ပေါင်းစည်းလျှောက်လှမ်းခဲ့ရာ ခရီးလမ်း၊ မိမိတို့၏ အားမာန်များ စုစည်းလျက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှုကဏ္ဍများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရာမှ ရရှိခဲ့ကြသည့် အောင်မြင်မှုများကို ပြန်ပြောင်းသတိရ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

အာဆီယံပေါ်ပေါက်ခဲ့သည်မှာ (၅၈)နှစ် နှစ်ပတ်လည် အခါသမယသို့ ရောက်ရှိပြီဖြစ်ရာ အောင်မြင်မှုရရှိခဲ့သော ဒေသတွင်း အဖွဲ့အစည်း

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဈာပနအခမ်းအနားအား နိုင်ငံတော်ဈာပနအခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



ဈာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဈာပနအခမ်းအနားအား နိုင်ငံတော်ဈာပနအခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) အထူးကြပ်မတ်ကုသဆောင်၌ ဆေးရုံတက်ရောက်၍ အထူးကြပ်မတ်ကုသမှုခံယူလျက်ရှိရာမှ ယနေ့ နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့သောကြောင့် ၎င်း၏ဈာပနအခမ်းအနားအား နိုင်ငံတော်ဈာပနအခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဈာပနအခမ်းအနားအား နိုင်ငံတော်ဈာပနအခမ်းအနားအဖြစ် ကျင်းပဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ

*စာမျက်နှာ ၄ ကော်လံ ၁* ❍

# ❖ ယခု ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ “အားလုံးပါဝင်နိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု” ဟူသည့် ဆောင်ပုဒ်သည် ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် မိမိတို့၏ ကတိကဝတ်များကို ထင်ဟပ်လျက်ရှိပါသည်။ ဒေသတွင်းလုံခြုံရေး အခင်းအကျင်းကို ဦးဆောင်တည်ဆောက်ရာတွင် အာဆီယံ၏အရေးပါသော အခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် မိမိတို့အားလုံး အတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည်

❑ ရှေ့ဖုံးမှ

တစ်ရပ်အဖြစ် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဒေသတွင်း နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်နှင့် လူမှု-ယဉ်ကျေးမှု မဏ္ဍိုင်(၃)ရပ်အပေါ် အခြေတည်သည့် အာဆီယံအသိုက်အဝန်း ၂၀၁၅ ကို တည်ထောင်နိုင်ခြင်းအပါအဝင် အထင်ကရ အောင်မြင်မှုများ ဆွတ်ခူးနိုင်ခဲ့ပါသည်။ အာဆီယံသည် အာဆီယံဒေသဆိုင်ရာဖိုရမ် (ARF)၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေး (EAS)၊ အာဆီယံကာကွယ်ရေးဝန်ကြီးများအပေါင်း အစည်းအဝေး(ADMM-Plus) စသည့် ဒေသတွင်းအဓိကကျသော ဖိုရမ်များကို ဦးဆောင်လျက် စေ့စပ်ဆွေးနွေးမှု၊ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်းပေါင်းစည်းမှု တို့ကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါသည်။ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ ကို အကောင်အထည်ဖော်မှုများသည်လည်း ကောင်းမွန်စွာ တိုးတက်လျက်ရှိကြောင်း နှစ်ထောင်းအားရဖွယ် တွေ့ရှိရပါသည်။

**“အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅”** ပန်းတိုင်များ အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန်အတွက် ယခု ၂၀၂၅ ခုနှစ်သည် အာဆီယံအတွက် အောင်မြင်မှုများကို ပြန်လည်သုံးသပ်ကာ ဦးစားပေးမှုကဏ္ဍများကို ချိန်ညှိလျက် ဘက်စုံနည်းဗျူဟာများကို ချမှတ်ရမည့် အဓိကကျသော နှစ်တစ်နှစ်ဖြစ်ပါသည်။ အဆိုပါ **“အာဆီယံ ၂၀၄၅ မျှော်မှန်းချက်”** ကို အခြေပြုလျက် အာဆီယံအနေဖြင့် စည်းလုံးညီညွတ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိကာ စီးပွားရေးအရ အားကောင်း၍ ဒေသတွင်းငြိမ်းချမ်းမှုရှိရေးကို ထပ်လောင်းအတည်ပြု ဖော်ဆောင်သွားကြရပါမည်။ လာမည့် ၂၀၄၅ ခုနှစ်တွင် အာဆီယံသည် ကမ္ဘာ့နိုင်ငံများက လေးစားထိုက်သော တိုးတက်အောင်မြင်သည့် အသိုက်အဝန်းကြီးဖြစ်ရန် ရည်မှန်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

အသင်းကြီးအနေဖြင့် လျင်မြန်စွာပြောင်းလဲလျက်ရှိသည့် ပထဝီနိုင်ငံရေးနှင့် ကမ္ဘာ့စီးပွားရေးဖြစ်စဉ်များအကြား ကြံ့ကြံ့ခံနိုင်ပြီး အချိတ်အဆက်ရှိစွာ တုံ့ပြန်မှုမြန်ဆန်စွာဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အဖွဲ့အစည်းအဖြစ် ရပ်တည်ရမည်ဖြစ်ပါသည်။ ဤအခြေအနေများကြောင့် ယခု ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ **“အားလုံးပါဝင်နိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု”** ဟူသည့် ဆောင်ပုဒ်သည် ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် မိမိတို့၏ ကတိကဝတ်များကို ထင်ဟပ်လျက်ရှိပါသည်။ ဒေသတွင်းလုံခြုံရေးအခင်းအကျင်းကို ဦးဆောင်တည်ဆောက်ရာတွင် အာဆီယံ၏အရေးပါသော အခန်းကဏ္ဍကို ခိုင်မာစေရန်၊ အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရန် မိမိတို့အားလုံး အတူတကွ ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပါသည်။

အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ အုပ်ချုပ်ရေးစနစ် ကောင်းမွန်ရေး၊ နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပြဋ္ဌာန်းထားသော အာဆီယံပဋိညာဉ် စာတမ်းတွင် မိမိတို့အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုသည် အဓိကဖြစ်ပြီး အာဆီယံ၏ မီးရှူးတန်ဆောင်ဖြစ်ပါသည်။ ပထဝီ နိုင်ငံရေး အရွေ့အပြောင်းများ၊ စီးပွားရေးတုံ့ဆိုင်းမှုများ၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျပ်အတည်းများ စသည့် ဒေသတွင်းနှင့် နိုင်ငံတကာစိန်ခေါ်မှုများ ရှုပ်ထွေးစွာ ဖြစ်ပေါ်လျက် ရှိချိန်တွင် အဖွဲ့ဝင်နိုင်ငံများက စုပေါင်းကာ ရှေ့သို့ချီတက်ရန် လုပ်ငန်းစဉ်များ ရေးဆွဲဖော်ဆောင်ခြင်းအားဖြင့် အာဆီယံအသင်းကြီးသည် ကြံ့ကြံ့ခံကာ လိုက်လျောညီထွေ လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အခါသမယတွင် ပဋိညာဉ်စာတမ်း၏ အခြေခံမူများနှင့် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရာတွင် အဓိကကျသော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာ စောင့်ထိန်းကြရမည် ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။ အာဆီယံပဋိညာဉ် စာတမ်း၏မူများနှင့် ရည်ရွယ်ချက်များအရ အာဆီယံစည်းလုံးညီညွတ်မှုနှင့် အာဆီယံဗဟိုအချက်အချာကျမှုတို့ကို ဖော်ဆောင်ရန်အတွက် မိမိတို့မြန်မာနိုင်ငံသည်လည်း သန္နိဋ္ဌာန်ပြု၍ မြဲမြံစွာရပ်တည်လျက် ရှိပါသည်။ မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား မတူကွဲပြားသည့် နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးအနေအထားများ မည်သို့ပင်ရှိစေကာမူ မိမိတို့အဖွဲ့ဝင်နိုင်ငံများက တစ်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့မှုကို အခြားနိုင်ငံက လေးစားလျက် အတူတကွ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ်တွင် အာဆီယံ၏စွမ်းအားသည် တည်ရှိလျက်ရှိပါသည်။

အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသော အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးမူဖြင့် မိမိတို့သည် ပြင်ပမှ ပတ်သက်မှုမပါရှိဘဲ မိမိတို့၏ တူညီဆန္ဒဖြင့် ဆုံးဖြတ်လုပ်ကိုင်သည့် ဂုဏ်သိက္ခာသမာဓိကို ထိန်းသိမ်းကာ ဒေသတွင်းစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းကြရမည်ဖြစ်ပါသည်။

***လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံပြည်သူများခင်ဗျား***

ယခုကဲ့သို့ (၅၈)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခါသမယတွင် မတူကွဲပြားသော်လည်း စည်းလုံးညီညွတ်မှုရှိစွာဖြင့် စုစည်းပြီး ကြံ့ကြံ့ခံလျက် သာယာဝပြောမှုကို မျှဝေကြသည့် အာဆီယံ၏စံနှုန်းများကို ထိန်းသိမ်းကြရန် မိမိတို့၏ သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုကြပါရန်နှင့် အတိတ်ကာလ အောင်မြင်မှုများကို ဂုဏ်ယူကျေနပ်ရုံသာမက ငြိမ်းချမ်းရေးထိန်းသိမ်းလျက် သာယာဝပြောရေး ဖော်ဆောင်ကာ ဒေသတွင်း ကြွယ်ဝသောယဉ်ကျေးမှုများကိုလည်း စုပေါင်းထိန်းသိမ်း ပျိုးထောင်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများအားလုံး အောင်မြင်မှုများ ဆက်လက်ဆွတ်ခူးနိုင်ကြပြီး ငြိမ်းချမ်းသာယာဝပြောမှုများကို နောင်လာမည့်နှစ်များတွင်လည်း ရရှိခံစားနိုင်ကြပါစေကြောင်း၊ အာဆီယံပြည်သူများ၏ စိတ်နှလုံးတွင်း၌ တစ်စုတစ်စည်းတည်း ဖြစ်သည် ဟူသည့် အာဆီယံစိတ်ဓာတ်များ ကိန်းဝပ်ရှင်သန်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ

သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်

ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်



## ကသာမြို့၌ လျှင်ဘေးအန္တရာယ်ဆိုင်ရာ သရုပ်ပြလေ့ကျင့်

ကသာ ဩဂုတ် ၇

ကသာခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဌာနနှင့် ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လ(၁) ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ခံ ဦးဇော်ဝင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်ပူးပေါင်း၍ ငလျင်လှုပ်ခတ်မှုဖြစ်စဉ် သရုပ်ပြခြင်း၊ အထပ်မြင့်တွင်ပိတ်မိနေသော လူနာများအား ထွင်းဖောက်ဝင်ရောက်၍ ကယ်ဆယ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသပေးခဲ့သည်။ **ကျော်စွာထွန်း(ကသာ)**

## ရခိုင်ပြည်နယ်၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက နေရပ်စွန့်ခွာ ပြည်သူများအတွက် တတိယအကြိမ်ထောက်ပံ့ငွေနှင့် ခေါက်ဆွဲခြောက်ထုပ်များပေးအပ်

စစ်တွေ ဩဂုတ် ၇

အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက တတိယအကြိမ်ထောက်ပံ့ငွေနှင့် ခေါက်ဆွဲခြောက်ထုပ်များပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ နေရပ်စွန့်ခွာဝန်ထမ်းများနှင့် နေရပ်စွန့်ခွာပြည်သူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့အခမ်းအနားသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူ ၁၂၇၁၆ ဦးအား တတိယအကြိမ်အဖြစ် ၂၀၂၅ ခုနှစ် ဧပြီလ၊ မေလနှင့် ဇွန်လ သုံးလစာအတွက်ထောက်ပံ့သည့် ငွေကျပ် ၇၆၂ ဒသမ ၉၆ သန်းနှင့် ခေါက်ဆွဲခြောက်များကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က နေရပ်စွန့်ခွာဝန်ထမ်းများနှင့် နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများနှင့် ခေါက်ဆွဲထုပ်များကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ နေရပ်စွန့်ခွာ ဝန်ထမ်းများနှင့် နေရပ်စွန့်ခွာ ပြည်သူများအား တွေ့ဆုံ နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

❍ *ရှေ့ဖုံးမှ*

ဈာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောတက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဈာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဈာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဈာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့ကြောင်း၊ ထို့ကြောင့် ၎င်း၏ဈာပနကို နိုင်ငံတော်ဈာပနအဖြစ်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဈာပနအခမ်းအနားကျင်းပရေးနှင့် စပ်လျဉ်း၍ ဈာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးမှ ဖွဲ့စည်းပေးခဲ့ကြောင်း၊ ထို့ပြင် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ (၁၁)ခုကိုလည်း ဖွဲ့စည်းထားပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဈာပနအခမ်းအနားတွင် လိုအပ်ချက်များမရှိစေရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကိုလည်း ပြည့်စုံစွာ စီမံဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယင်းမှသာ နိုင်ငံတော်အဆင့် ဈာပနအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ကော်မတီတစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်နိုင်ရန်လည်း အလွန်အရေးကြီးကြောင်း၊ အခမ်းအနားအစီအစဉ်များ ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက်လည်း ဂရုပြု၍ ကြိုတင်စီစဉ်ဆောင်ရွက်ထားကြစေလိုကြောင်းနှင့် လုပ်ငန်းများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီဝင်များအနေဖြင့် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဈာပနအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဈာပနအခမ်းအနားကျင်းပမည့် လမ်းကြောင်းတစ်လျှောက် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဖိတ်ကြားရေး၊ တည်းခိုရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ဈာပနအခမ်းအနားကျင်းပမည့် နေရာ အဝင်/ အထွက် လမ်းကြောင်းတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စနစ်တကျရှိစေရေး၊ ကော်မတီအလိုက် စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဈာပနာအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက နိုင်ငံတော်အဆင့် ဈာပနာအခမ်းအနားတွင် အခမ်းအနားပြင်ဆင်ဆောင်ရွက်ရေးနှင့် နေရာချထားရေး၊ မိုးရာသီကာလဖြစ်သည့်အတွက် ကော်မတီများအလိုက် အရန်အစီအစဉ်များ စီစဉ်ဆောင်ရွက်ထားနိုင်ရေး၊ အခမ်းအနားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိရေးနှင့် အခြားလိုအပ်သည့် အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက နိုင်ငံတော်အဆင့် ဈာပနအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကဏ္ဍအသီးသီးတွင် လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၂၄ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

၁။ **ချင်းပြည်နယ်အစိုးရအဖွဲ့**
(က) ဒေါက်တာ လျန်ဇခုပ် — စီးပွားရေးရာဝန်ကြီး
(ခ) ဦးကောလ်လျန်ထန်း — သယံဇာတရေးရာဝန်ကြီး

၂။ **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
ဦးစိုင်းလှိုင်ငြိမ်း — တိုင်းရင်းသားရေးရာဝန်ကြီး

၃။ **မွန်ပြည်နယ်အစိုးရအဖွဲ့**
ဦးတင်ဇော်ထွန်း — လူမှုရေးရာဝန်ကြီး

၄။ **ရခိုင်ပြည်နယ်အစိုးရအဖွဲ့**
ဦးမြင့်စိုး — သယံဇာတရေးရာဝန်ကြီး

၅။ **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**
(က) ဦးအောင်စန်းချစ် — လမ်းပန်းဆက်သွယ်ရေးဝန်ကြီး
(ခ) ဦးမောင်မောင်ဦး — စီးပွားရေးရာဝန်ကြီး

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကယားပြည်နယ်ဝန်ကြီးချုပ် ပြည်သူများသို့ MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းဆောင်ရွက်မှု ကြည့်ရှုအားပေး

**လွိုင်ကော် ဩဂုတ် ၇**

လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများသို့ မဲပေးစက်များနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့လယ်ခမ္မာရုံ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြည့်ရှု အားပေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ပြည်နယ်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရပ်ကွက်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စိတ်ပါဝင်စားစွာ လက်တွေ့ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။ ယနေ့ မဲပေးစက် စမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်းကို ရှမ်းစု၊ ရွှေတောင်နှင့် ဈေးပိုင်းရပ်ကွက်နေ ပြည်သူများ ပါဝင်ဆောင်ရွက်ခဲ့ပြီး ပြည်နယ်အတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**စဉ်ဆက်မပြတ်စစ်ဆေး**

ထို့နောက် လွိုင်ကော် တက္ကသိုလ် နယ်မြေအတွင်းရှိ တက္ကသိုလ်ပင်မဆောင် အဆောက်အအုံ ပြုပြင်နေမှုအခြေအနေများ၊ ပထဝီဌာန၊ ရူပဗေဒဌာန၊ ရုက္ခဗေဒဌာန၊ ဥပဒေနှင့် သမိုင်းဌာန စာသင်ဆောင်များ၊ ကျောင်းသား ကျောင်းသူ နားနေဆောင်(RC)၊ ကျောင်းသူအိပ်ဆောင်၊ ဆရာများနှင့် ဆရာမများ အိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ပါမောက္ခဌာနမှူး နေအိမ်များ ပြုပြင်တည်ဆောက်နေမှုနှင့် လုပ်ငန်းများတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က အရည်အသွေးပြည့်မီသည့် လုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုရေး၊ အဆောင်များပတ်ဝန်းကျင် သန့်ရှင်းသာယာရေး၊ တည်ဆောက်ရေးလုပ်ငန်းများ အားနည်းချက်၊ ချို့ယွင်းချက်များ မဖြစ်ပေါ်စေရေး အရည်အသွေးစစ်ဆေးရေးအဖွဲ့များက စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

**ပြန်လည်ဖွင့်လှစ်သွားမည်**

ယခုအချိန်တွင် လွိုင်ကော်တက္ကသိုလ် အဆောက်အအုံများ ပြုပြင်တည်ဆောက် ပြီးစီးမှုမှာ လုပ်ငန်းအားလုံး ၇၅ ရာခိုင်နှုန်းခန့်ပြီးစီး၍ ၂၀၂၅ ခုနှစ် အဝေးသင်တက္ကသိုလ် သင်တန်းများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နေ့သင်တန်းများ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**

## ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**

## ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့**

## ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကွယ်လွန်သွားခဲ့ပါသည်။ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဈာပနကို နိုင်ငံတော်ဈာပန အဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

## နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ် ကာလသတ်မှတ်ကြေညာခြင်း

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ကွယ်လွန်သွားခဲ့ပြီး ဈာပနကို နိုင်ငံတော်ဈာပနအဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ ၂၀၂၅ ခုနှစ်၊ဩဂုတ် ၇ ရက်မှ ၁၁ ရက်နေ့အထိ ကာလကို နိုင်ငံတော်အဆင့် ဝမ်းနည်းကြောင်းအထိမ်းအမှတ်ကာလအဖြစ် ကြေညာထားရှိကြောင်းနှင့် အဆိုပါကာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်ဝက် လျှော့ချ၍ လွှင့်ထူသွားကြရန် ညွှန်ကြားထားရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတွဲဖက် ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲ ကြည့်ရှုအားပေး

မုံရွာ ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် ကလေးခရိုင် ကလေးမြို့ ချမ်းမြအောင်စည်ရပ်ကွက် တောင်သူ ဦးစောနိုင် စိုက်ပျိုးထားသည့် ဆင်းသုခစပါးခင်းအတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး စံပြကွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ တွဲဖက်ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေသခံ တောင်သူများအတွက် သွင်းအားစုဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများ ပေးအပ်ကြသည်။

ထို့နောက် ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကလေးခရိုင်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးထားသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ခရိုင်မြေစာရင်းဦးစီးဌာန၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ တက်ရောက်လာကြသည့် ဒေသခံတောင်သူများက မိမိတို့စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကလေးမြို့ ချမ်းမြအောင်စည် ပရိယတ္တိစာသင်တိုက်ကြီးတွင် ကျင်းပသည့် ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြပြီး ကလေးမြို့ ချမ်းမြအောင်စည် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊ ဘဒ္ဒန္တဥတ္တရသာရ ဆရာတော်ကြီးနှင့် ပင့်သံဃာတော်များထံ ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဩဂုတ် ၇

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၀ ရက်မှ ၁၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်း‌ရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၅) ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၅) ဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ၁၃၈၇ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ် ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါနည်းဥပဒေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် Download ပြုလုပ်၍ ရယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အတည်ပြုလက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ရေးဆွဲညှိနှိုင်းစိစစ်ပြီးဖြစ်သည့် **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ"**၊ **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ"** ၊ **"အမျိုးသား လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ"**၊ **"တိုင်း ဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ"** ကို အတည်ပြု လက်မှတ်ရေးထိုးနိုင်ရန် ကော်မရှင်အဖွဲ့ဝင်များက တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပြန် သည်။

ထို့နောက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး ကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဇိုမီးအမျိုးသားပါတီ(Zomi National Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၂ / ၂၀၂၅ )
၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၄ ရက်
( ၂၀၂၅ ခုနှစ် ၊ ဩဂုတ်လ ၇ ရက် )

**ဇိုမီးအမျိုးသားပါတီ (Zomi National Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ၄ လွှာ (ဘီ)၊ အမှတ် (၁၁၀) တွင် ပါတီရုံးချုပ် (ယာယီ) ဖွင့်လှစ်ထားရှိသော **ဇိုမီးအမျိုးသားပါတီ (Zomi National Party)** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီ များမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဇိုမီးအမျိုးသားပါတီ (Zomi National Party)**၏ မှတ်ပုံတင် အမှတ်မှာ (၅၉) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၃ /၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၅) ဖြင့် **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ"** ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၄ /၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၅) ဖြင့် **"အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ"** ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၅ /၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၅) ဖြင့် **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများ"** ကို ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန် ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ( ၄၉ / ၂၀၂၅ ) ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ( ၄၉ /၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ များမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန် လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ(ည)၏ နောက်တွင် နည်းဥပဒေခွဲ(ဋ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဋ) ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှု များကို ကျူးလွန်ကြောင်း ကော်မရှင်က စစ်ဆေးတွေ့ရှိ ခြင်း။"

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၇**


ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေ မြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော် အပ်ပါသည်။

မိုး/ဇလ

- နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Yasumasa Kimura ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (United Nations Children's Fund– UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Yasumasa Kimura ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNICEF မှ ဆောင်ရွက်လျက်ရှိသော လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အကျိုးရှိထိရောက်စေရေးနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNICEF ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသော်လည်း တမံကြံ့ခိုင်မှုအတွက် စိုးရိမ်ဖွယ်မရှိ

**နေပြည်တော် ဩဂုတ် ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံ၏ တမံကြံ့ခိုင်မှု၊ ဝင်ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲမှ ရေကျော်ကျမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တမံကြံ့ခိုင်လုံခြုံရေးအတွက် စနစ်တကျဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ပေါင်းလောင်းရေလှောင်တမံ အနေဖြင့် တမံသက်တမ်း (၂၁)နှစ်အတွင်း ရေပိုလွှဲမှ ရေကျော်ကျမှုဖြစ်စဉ်(၁၈)နှစ် ကြုံတွေ့ခဲ့ရကြောင်း၊ အများဆုံးရေကျော်ကျမှုအဖြစ် ၂၀၁၃ ခုနှစ်တွင် ရေအမြင့် (၈ ဒသမ ၃)ပေဖြင့် ၁၁၈ ရက် ရေကျော်ကျခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ရေအမြင့် (၁၁ ဒသမ ၈၇)ပေဖြင့် ၆၈ ရက် ရေကျော်ကျခဲ့ကြောင်း၊ လက်ရှိတွင် အမြင့် (၂ ဒသမ ၂၉)ပေဖြင့် ရေကျော်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကန်ရေပြည့် သိုလှောင်နိုင်ခြင်းကြောင့် ရေအားလျှပ်စစ်စက်ရုံရှိ တာဘိုင်လေးလုံးမှ စွမ်းအားပြည့် ထုတ်လုပ်နိုင်ပြီး ဆည်ရေသောက် ဧရိယာအတွင်းမှ ဆောင်းသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးခြင်းအတွက် စိုက်ပျိုးရေဖူလုံစေမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရေပိုလွှဲမှ ရေကျော်ကျနေခြင်းသည် တမံကြံ့ခိုင်မှုနှင့် ဒေသ၏ ဘေးကင်းလုံခြုံမှုအပေါ် ထိခိုက်နိုင်ခြင်းမရှိသဖြင့် ပြည်သူများအနေဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မင်္ဂလာဒုံမြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထက်တန်းအဆင့် အာဟာရအုပ်စု(၃)စု ပြင်ဆင်ချက်ပြုတ်နည်းပြိုင်ပွဲကျင်းပ

**မင်္ဂလာဒုံ ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်နည်းပြိုင်ပွဲကို အုပ်စုလေးစုဖြင့် ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြရောခန်းမ၌ ကျင်းပသည်။



ပြိုင်ပွဲဝင်ကျောင်းများ ဖြစ်သော အထက(၂) မင်္ဂလာဒုံ၊ အထက(၅) မင်္ဂလာဒုံ၊ အထက(၆)ရွှေပြည်သာ၊ အထက(၇) ရွှေပြည်သာတို့မှ ကျောင်းသားကျောင်းသူများက အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ခြင်း သရုပ်ပြပြိုင်ပွဲကို နံနက် ၉ နာရီ ၃၅ မိနစ်တွင် စတင်ခဲ့ပြီး ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချီးမြှင့်သော ယှဉ်ပြိုင်ဆုငွေများ ပေးခဲ့ပြီးနောက် ဆုရရှိသော ကျောင်းများအား ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

# မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲကျော်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# "တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း"

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈–၆၅၄၆၇၈၊ ကော်မရှင် e–mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှ တစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်–

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်နှင့် e–mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကို စိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# လက်ဆွဲကောက်စိုက်စက်အပါအဝင် လယ်ယာသုံးစက်ကိရိယာများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၇

**လက်ဆွဲကောက်စိုက်စက်အပါအဝင် လယ်ယာသုံးစက်ကိရိယာများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက နိုင်ငံ့စီးပွားရေးတွင် စိုက်ပျိုးရေးသည် အခြေခံမောင်းနှင်အားဖြစ်သည့်အတွက် စက်မှုလယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးရေးသည် နိုင်ငံအတွက် မရှိမဖြစ်အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိရိုးဖလာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် အဆင့်ဆင့်သော လုပ်ငန်းစဉ်များရှိသည့်အနက် အဓိကကျသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် လုပ်သားလိုအပ်မှုအနည်းဆုံးဖြင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို အသုံးပြုဆောင်ရွက်နိုင်မည့် နည်းလမ်းကို အထူးအလေးထား ပံ့ပိုးကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ လက်ဆွဲကောက်စိုက်စက်များ၊ အစေ့ချစက်များနှင့်ကိရိယာများ အသုံးပြုစိုက်ပျိုးခြင်းဖြင့် လယ်ယာထွက်ကုန်များ အရည်အသွေးမြင့်မားပြီး အထွက်နှုန်းကောင်းမွန်ကာ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် သီးနှံထုတ်ကုန်များ ထွက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ လယ်ယာသုံးစက်ကိရိယာများ တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများကိုဖိတ်ခေါ်ပြီး ယင်းကုမ္ပဏီများမှ ရောင်းချသည့် လယ်ယာသုံးစက်ကိရိယာများ၏ စွမ်းရည်ကို လက်တွေ့မောင်းနှင်ထွန်ယက်သရုပ်ပြရှင်းလင်းမှုများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က စက်မှုလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကို သတ်မှတ်၍ စနစ်ကျစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME များတွင် ပါဝင်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးစားစက်မှုလုပ်ငန်းများ၊ အခြားစက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊



လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်လျက်ရှိသည့် MSME လုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းများဆောင်ရွက်နေသည့် MSME လုပ်ငန်းရှင်များအချင်းချင်း လိုအပ်ချက်များ အပြန်အလှန်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက စက်မှုလယ်ယာ အပြည့်အဝလွှမ်းခြုံနိုင်ရန် စက်ပစ္စည်းကိရိယာ လိုအပ်ချက်စာရင်းနှင့် ထုတ်လုပ်ဆောင်ရွက်နိုင်မှု အခြေအနေ၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ နည်းပညာပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အရည်အသွေးကောင်းမွန်ပြီး ပေါ့ပါးခိုင်ခံ့သည့် လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဆီထွက်သီးနှံများ တိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ ဆည်ရေများ စနစ်တကျဖြန့်ဝေပေးနိုင်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံ အသုံးပြုဆောင်ရွက်ရေး၊ ဓာတ်မြေဩဇာများအား နိုင်ငံတော်မှ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဝေရာတွင် တောင်သူများ လက်ဝယ်ရောက်ရှိရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးရေး၊ လွတ်ကြောင်းစနစ်မှ ခြံလှောင်စနစ်သို့ ပြောင်းလဲမွေးမြူနိုင်ရေးနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့ပတ်လမ်းရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဥတ္တရသီရိမြို့နယ် အသင်းနှင့် တပ်ကုန်းမြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြု ဖူဆယ်အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **ဥတ္တရခရိုင်(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော



**တပ်ကုန်း ဩဂုတ် ၇**

နေပြည်တော် တပ်ကုန်းမြို့နယ် ကံလှကျေးရွာအုပ်စု ဂတ်ချိုင်းကျေးရွာတွင် ရွှေမြို့နယ်မြေရဲစခန်းမှ ဦးဆောင်ကျင်းပသည့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ယနေ့ညနေပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း နိဗ္ဗာန်လမ်းပြဓမ္မာရုံ၌ ကျင်းပရာ ဒေသခံပြည်သူ ၁၀၅ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ရွှေမြို့နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ် ထွန်းနိုင်ဝင်းက အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက်မှုမရှိစေရေး၊ အကြမ်းဖက်အမှုများ၊ အကြမ်းဖက်ဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့်ပတ်သက်၍ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းနှင့် လူမှုကွန်ရက် အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ တင်ခြင်း၊ မဖွယ်မရာတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းများမဖြစ်ပေါ်စေရေး ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

# မိုင်းပျဉ်း - မက်မန်းလမ်း ပုံမှန်ပြန်လည်ဖြတ်သန်းသွားလာနိုင်

**မိုင်းပျဉ်း ဩဂုတ် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် မိုင်းပျဉ်း–မက်မန်းလမ်းပေါ်တွင် တောင်ပြိုကျမှုအား ယနေ့မွန်းလွဲပိုင်းက ရှင်းလင်း ဆောင်ရွက်ပြီးကြောင်း သိရသည်။



မိုင်းပျဉ်းမြို့နယ်၌ ဩဂုတ် ၅ ရက်မှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းဦးစီးဌာန ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော မိုင်းပျဉ်း–မက်မန်းလမ်း (မိုင်းပျဉ်းမြို့နယ်အပိုင်း) တွင် ယနေ့နံနက်ပိုင်းက မိုင်(၁၇/၆.၁၇/၇) (ယန်းဟိုင်းရွာနှင့် ဝမ်တာခက်ရွာကြား) အလျားပေ ၇၀၊ အကျယ်ပေ ၃၀၊ အမြင့် ၃၅ ပေ တောင်ပြိုမှုဖြစ်ပွားခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး လမ်းဦးစီးဌာနက တောင်ပြိုမြေသားများအား အမြန်ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ကြရာ ယနေ့မွန်းလွဲ ၁ နာရီတွင် ပြီးစီး၍ ယာဉ်များပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **နန်းသန္တာဦး(ပြန်/ဆက်)**

# Digital Platform အသုံးပြု စားသုံးဆီဖြန့်ဖြူးမှုစနစ် မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ



**နေပြည်တော် ဩဂုတ် ၇**

ရန်ကုန်စားအုန်းဆီသိုလှောင်ကန်မှ နေပြည်တော်ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စားအုန်းဆီသယ်ယူဖြန့်ဖြူးရာတွင် သတ်မှတ်အရည်အသွေး၊ အရေအတွက်နှင့် သတ်မှတ်ကာလအတွင်း ရောက်ရှိရန်နှင့် စားသုံးဆီဖြန့်ဖြူးရေးလုပ်ငန်းစဉ်အပေါ် ကြီးကြပ်ထိန်းကျောင်းနိုင်ရန် ရည်ရွယ်၍ “Digital Platform အသုံးပြု စားသုံးဆီဖြန့်ဖြူးမှုစနစ် မိတ်ဆက်ခြင်းအခမ်းအနား” ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် – ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက နိုင်ငံတော်အနေဖြင့် စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း ပြည်တွင်းစားသုံးဆီဈေးနှုန်း တည်ငြိမ်မှုရှိစေရေး၊ အရည်အသွေးမီ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းဖြင့် ပြည်သူများ ဝယ်ယူသုံးစွဲနိုင်ကြစေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အများပြည်သူစားသုံးရန် ဖြန့်ဖြူးရောင်းချသည့် စားအုန်းဆီများကို တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ခွဲဝေလျာထားသည့်ပမာဏအတိုင်း သတ်မှတ်နေရာအရောက်၊ သတ်မှတ်ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းအဖွဲ့များ၊ စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့များက ကြီးကြပ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ယနေ့အခမ်းအနား၌ စတင်ကျင့်သုံးဆောင်ရွက်မည့် Digital Platform အသုံးပြုစားသုံးဆီဖြန့်ဖြူးမှုစနစ် နည်းပညာများနှင့်လည်း ထိန်းကျောင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ၌ လက်လီအဆင့်ထိ Digital Platform အသုံးပြု စားသုံးဆီဖြန့်ဖြူးခြင်းစနစ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည်နှင့်အမျှ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပေါင်းစပ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူးနှင့် နေပြည်တော်ကောင်စီဝင်တို့က Digital Platform အသုံးပြု စားသုံးဆီဖြန့်ဖြူးမှုစနစ် မိတ်ဆက်ခြင်း အခမ်းအနားကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် နည်းပညာကုမ္ပဏီဖြစ်သည့် Capital Connect Limited မှ တာဝန်ရှိသူက စားသုံးဆီဖြန့်ဖြူးမှုကြီးကြပ်သည့်စနစ် (Edible Oil System) နှင့်စပ်လျဉ်း၍ Video Clip ဖြင့် ရှင်းလင်းတင်ပြပြီး တော်ဝင်ဧကရာဇ်ကုမ္ပဏီမှ တာဝန်ရှိသူက စားသုံးဆီများ သယ်ယူပို့ဆောင်ရာတွင် GPS ၊ CCTV တပ်ဆင်အသုံးပြု၍ Real Time စောင့်ကြည့်စစ်ဆေးနိုင်သည့် အခြေအနေကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အခမ်းအနားသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီဝင်၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် နေပြည်တော်သို့ စားသုံးဆီဖြန့်ဖြူးသည့်ကုမ္ပဏီများ၊ ဆီကန်တာဝန်ခံများ၊ နေပြည်တော်တွင် စားအုန်းဆီဖြန့်ဖြူးသည့် စားအုန်းဆီ လက်ကား/ လက်လီကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ ကြက်ခြေနီအသင်း (PMI) က မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) အား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အမေရိကန်ဒေါ်လာတစ်သိန်း လှူဒါန်း




**ရန်ကုန် ဩဂုတ် ၇**

အင်ဒိုနီးရှားနိုင်ငံ ကြက်ခြေနီအသင်း (PMI) Palang Merah Indonesia က မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) အား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ အမေရိကန်ဒေါ်လာတစ်သိန်း လှူဒါန်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရုံး၌ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံရုံးတာဝန်ခံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဆောင်ရွက်ချက်အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံး တာဝန်ခံ H.E. Mr.Muhammod Arif Hida-yatullah က နှုတ်ခွန်းဆက်စကားပြောကြား၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အင်ဒိုနီးရှားနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းငွေ အမေရိကန်ဒေါ်လာတစ်သိန်းကိုပေးအပ်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက လက်ခံရယူပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်သည်။

အဆိုပါ လှူဒါန်းမှုကို အာဆီယံနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အလုံမြို့နယ်စာရင်းစစ်ချုပ်ရုံး ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး မြပန်းအိုင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဒေါ်ခင်မာချိုက သဘာပတိအဖြစ်ဆောင်ရွက်ပြီး သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားကာ အသင်းအမှုဆောင်အဖွဲ့က အသင်း၏လုပ်ငန်း အခြေအနေများကို အသင်းသားများသို့ ချပြရှင်းလင်း၍ သဘောတူညီချက်ရယူကာ အသင်းသားများအား အကျိုးခံစားခွင့် စုစုပေါင်းငွေ ၂၀၆၁၇၉၃ ဒသမ ၆၈ ကျပ်အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ယောရော(ပြန်/ဆက်)**

## လပွတ္တာမြို့နယ်၌ မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ



**လပွတ္တာ ဩဂုတ် ၇**

လပွတ္တာမြို့နယ် မြို့မ(၉) ရှမ်းစုကျေးရွာ၌ ယနေ့နံနက်က မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပသည်။

လပွတ္တာမြို့နယ် မြို့မ(၉) ရှမ်းစုကျေးရွာ လပွတ္တာ–မြောင်းမြကားလမ်း (၁) မိုင်အနီး “မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်စိုက်ပျိုးပွဲ” အခမ်းအနားကျင်းပရာ အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ပြီး တောင်သူ ဦးဝင်းနိုင်၏ လယ်မြေတွင် အောင်နိုင်တိုးစပါးမျိုးကို ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ တက်ရောက်လာသည့် တောင်သူများအား မိုးစပါးပန်းတိုင်အထွက်တိုးရေးအတွက် သွင်းအားစုများ စနစ်တကျသုံးစွဲကြရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးကြရေး အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

သို့သော်လည်း ၎င်းသည် ပြီးခဲ့သည့်ရာသီ ပရီမီယာလိဂ်တွင် ရှစ်ပွဲသာ ပွဲထွက်ကစားခွင့် ရရှိထားသည်။ လီဗာပူးအသင်းသည် အဆိုပါ တိုက်စစ်ကစားသမားကို ရောင်းချပြီး နယူးကာဆယ်အသင်းမှ တိုက်စစ်ကစားသမား အီဆတ်ကို ခေါ်ယူသွားဖွယ်ရှိနေသည်။

နယူးကာဆယ်အသင်းသည် အီဆတ်အတွက် ပြီးခဲ့သည့် သီတင်းပတ်က လီဗာပူးအသင်း၏ ကနဦး ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၁၀ ဖြင့် ကမ်းလှမ်းမှုကို ပယ်ချထားသည်။

နယူးကာဆယ်အသင်းက အဆိုပါ တိုက်စစ်ကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၅၀ ဝန်းကျင် အလိုရှိနေသည်။ လီဗာပူးအသင်းသည် ကိုလံဘီယာ တောင်ပံကစားသမား လူးဝစ်ဒီယက်ဇ်ကိုလည်း ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၆၅ ဒသမ ၅ သန်းဖြင့် ရောင်းချထားသည်။

**အောင်ဇော်**

# အဖြူရောင် အလင်းတိုင်များ

ဒေါက်တာဇေယျာဝင်း

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့မှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆရာဝန်သစ်လွင်နဲ့ သွားနဲ့ခံတွင်းဆရာဝန်သစ်လွင်တွေကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိတွေအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။

အဆိုပါအခမ်းအနားကိုနိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဂုဏ်ပြုတက်ရောက်ချီးမြှင့်ပြီး လမ်းညွှန်အမှာစကားပြောကြားပေးခဲ့တာဖြစ်လို့ ကျန်းမာရေးကဏ္ဍအတွက် အလွန်ပဲ ထူးခြားတဲ့၊ သမိုင်းတွင်ခဲ့တဲ့ နေ့တစ်နေ့လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနအတွက် အားသစ်လောင်းပေးတဲ့ အခိုက်အတန့်သာမက နိုင်ငံတော်နဲ့ ပြည်သူအပေါင်းတို့အတွက်လည်း အလွန်အရေးပါတဲ့ နေ့ရက်တစ်ရက်ဖြစ်ပါတယ်။ ကရုဏာ၊ တာဝန်သိမှုနဲ့ သိပ္ပံနည်းကျ ကျွမ်းကျင်မှုဆိုတဲ့ မီးရှူးတန်ဆောင်ကို စွမ်းရည်ပြည့်ဝတဲ့ အသစ်ခန့် ပြန်တမ်းဝင်အရာရှိ ဆရာဝန် (သစ်လွင်) တို့ရဲ့လက်တွေထဲ လွှဲပြောင်းပေးအပ်ခဲ့တဲ့နေ့လည်း ဖြစ်ပါတယ်။ ကျန်းမာကြံ့ခိုင်ပြီး အင်အားတောင့်တင်းတဲ့ နိုင်ငံတော်တည်ဆောက်ရေးအတွက် ကြီးမားတဲ့ အကျိုးရလဒ်တစ်ခုလည်းဖြစ်ပါတယ်။




နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးတက္ကသိုလ်တစ်ခုမှ ဆရာဝန်(သစ်လွင်)များအတွက် နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာများကို ကိုယ်စားလှယ်တစ်ဦးအား ပေးအပ်စဉ်။ (၁၈-၇-၂၀၂၅)

### ဆရာဝန်ဆိုတာ

ဆရာဝန်သစ်လွင်တွေကို **"သူ့ရဲကောင်းတွေ"** လို့ တင်စားဂုဏ်ပြုလိုပါတယ်။ ဆရာဝန်ဆိုတာ တစ်ခါတစ်ရံ လူနာကို ပျောက်ကင်းအောင်ကုသပေးနိုင်မယ်၊ တစ်ခါတစ်ရံမှာ နာကျင်မှုကိုသက်သာအောင်လုပ်နိုင်မယ်၊ ဒါပေမယ့် ဆရာဝန်ဖြစ်ရခြင်းအနုပညာဆိုတာဟာ နှစ်သိမ့်ပေးနိုင်စွမ်းပဲဖြစ်ပါတယ်။ ဆရာဝန်တစ်ယောက်ဆိုတာ ဂုဏ်ပုဒ်တစ်ခုထက်ပိုပါတယ်။

ဆရာဝန်တွေဟာ လူ့အသက်တွေရဲ့ စောင့်ရှောက်သူ၊ နာကျင်မှုတွေကို သက်သာပျောက်ကင်းစေသူ၊ ဝေဒနာခံစားနေရသူတွေအတွက် မျှော်လင့်ချက်ရဲ့ သင်္ကေတတွေဖြစ်ပါတယ်။ ဆရာဝန်တစ်ဦးအနေနဲ့ ရှေ့ဆက်လျှောက်ရမယ့် ခရီးလမ်းဟာ အမြဲတမ်းချောမွေ့နေမှာတော့ မဟုတ်ပါဘူး။ အိပ်ရေးပျက်တဲ့ညတွေရှိမယ်၊ ကိုယ့်ကိုယ်ကိုယ် သံသယဝင်စရာအချိန်တွေရှိမယ်၊ ထမ်းထားရတဲ့ ကြီးလေးတဲ့တာဝန်တွေကို လေးလံသလိုခံစားရတဲ့ အခိုက်အတန့်တွေလည်းရှိလာမယ်။ ဒါပေမယ့် လူတစ်ယောက်ရဲ့တန်ဖိုးကို သက်သောင့်သက်သာရှိပြီး အဆင်ပြေတဲ့အချိန်မှာ တိုင်းတာတာမဟုတ်ဘူး၊ ခက်ခဲတဲ့စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရတဲ့အချိန်မှာ ဘယ်လိုရပ်တည်ကျော်ဖြတ်သလဲဆိုတဲ့အပေါ်မှာ တိုင်းတာတာသာဖြစ်တယ်။ ဆရာဝန်သစ်လွင်တွေဟာ သတ္တိနဲ့ ရပ်တည်မယ်၊ ရိုးသားမှုနဲ့ ရှင်သန်ကြီးထွားပြီး ကရုဏာတရားနဲ့ ဦးဆောင်နိုင်မယ်ဆိုတာကို ကျွန်တော်တို့အားလုံးက အပြည့်အဝယုံကြည်နေကြပါတယ်။

### အစဉ်အလာ

လွတ်လပ်ရေးရချိန်ကတည်းက ကျန်းမာရေးဝန်ကြီးဌာနဟာ မြို့ကြီးတွေမှာရှိတဲ့ ဆေးရုံကြီးတွေကနေ ကျေးလက်ဒေသက ရွှေ့လျားဆေးခန်းတွေအထိ ပြည်သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုမြှင့်တင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံတော်ရဲ့မူဝါဒတွေကို ကျန်းမာရေးဝန်ကြီးဌာနက လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူလျက် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်တွေကို စဉ်ဆက်မပြတ် ပခုံးပြောင်းတာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ ဆရာဝန်မျိုးဆက်တွေဟာ ဒီတာဝန်ကို အခက်အခဲတွေကြားက လူသားချင်းစာနာမှုနဲ့ ဖွဲ့မလျှော့ဘဲ ဆက်လက်ထမ်းဆောင်ခဲ့ကြပါတယ်။ ယခုအခါမှာတော့ ဒီတာဝန်ဟာ ဆရာဝန်သစ်လွင်တို့လက်ထဲကို ရောက်ရှိလာပါပြီ။ ၎င်းတို့ဟာ ဒီသမိုင်းထဲကို နောက်ထပ်စာမျက်နှာအသစ်၊ အခန်းအသစ်တစ်ခုကို ရေးသားမယ့်သူတွေအနေနဲ့ ဝင်ရောက်လာပါပြီ။

### နိုင်ငံတော်၊ ပြည်သူတို့နှင့်အတူ

သစ်လွင်ဆရာဝန်တွေအနေနဲ့ အဖြူရောင်ဂျူတီကုတ်ကို ဝတ်ဆင်တဲ့အချိန်မှာ ဒါဟာဝတ်စုံမဟုတ်ဘူး၊ ကတိသစ္စာတွေဖြစ်တယ်ဆိုတာ သတိပြုစေလိုပါတယ်။ ဘယ်လိုကတိတွေလဲဆိုတော့ လူတိုင်းကို ဂုဏ်သိက္ခာနဲ့ ကြင်နာစွာဆက်ဆံဖို့ကတိ၊ သိပ္ပံနည်းကျမှုနဲ့ ကျင့်ဝတ်ကို ဘယ်သူမှမမြင်နိုင်တဲ့ ဆိတ်ကွယ်ရာမှာတောင် ထိန်းသိမ်းဖို့ကတိ၊ စဉ်ဆက်မပြတ်သင်ယူပြီး နှိမ့်ချစွာ ဝန်ဆောင်မှုပေးဖို့ကတိ စတာတွေဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူတွေက ဆရာဝန်တွေအပေါ်မှာ အားကိုးနေပါတယ်၊ ယုံကြည်မျှော်လင့်နေပါတယ်၊ ဒါကြောင့် သစ်လွင်ဆရာဝန်တို့အနေနဲ့ ဒီလမ်းခရီးကို တစ်ယောက်တည်း လျှောက်လှမ်းရမှာ မဟုတ်ပါဘူး။ နိုင်ငံတော်၊ ပြည်သူတို့နဲ့အတူ လျှောက်လှမ်းကြရမှာပါ။ နိုင်ငံတော်နဲ့ ပြည်သူတွေအနေနဲ့လည်း ကျန်းမာရေးဝန်ထမ်းတွေရဲ့ တာဝန်ထမ်းဆောင်မှုကို အထူးပဲ အသိအမှတ်ပြုကျေးဇူးတင်နေမှာမလွဲပါဘူး။

### ကွက်လပ်များဖြည့်ဆည်းခြင်း

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၂၁ ခုနှစ်နောက်ပိုင်း အကြောင်းပြချက်အမျိုးမျိုးနဲ့ ပြည်သူ့ဆေးရုံတွေကို စွန့်ခွာသွားခဲ့ကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေကြောင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ ဝန်နဲ့အား မမျှတဲ့အခြေအနေမျိုး ရင်ဆိုင်ခဲ့ကြရပါတယ်။ ဒါကြောင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု လစ်ဟာသွားတဲ့နေရာတွေမှာ အမြန်ဖြည့်ဆည်းနိုင်ရေးအတွက် ဆေးနဲ့ ဆေးနီးနွယ်တက္ကသိုလ်တွေကနေ ဘွဲ့ရရှိသူတွေကို သင်တန်းပြီးဆုံးတာနဲ့ ချက်ချင်းလုပ်ငန်းခွင်ဝင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ခဲ့ကြရပါတယ်။

ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေဖို့ နိုင်ငံတော်အကြီးအကဲရဲ့ **'ဆေးရုံတိုင်း ဆရာဝန်ရှိရမည်'** ဆိုတဲ့လမ်းညွှန်ချက်ကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်နှစ်တွေက နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဆရာဝန်တွေအနေနဲ့ ထိုက်သင့်တဲ့ဆေးကုသမှု အတွေ့အကြုံကို လေ့လာသင်ယူပြီးတဲ့နောက်မှာ နယ်မြို့တွေမှာရှိတဲ့ ပြည်သူ့ဆေးရုံတွေဆီ ပြောင်းရွှေ့တာဝန်ချထားပေးလျက်ရှိတာကိုလည်း ကြားသိရပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအခန်းကဏ္ဍမှာ လိုအပ်နေတဲ့နေရာကို တစ်ဖက်တစ်လမ်းကနေ ကွက်လပ်ဖြည့်ဆည်းဆောင်ရွက်နိုင်ကြတာဖြစ်လို့ ဂုဏ်ယူဝမ်းသာကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

### နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး

နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ဟာ ကျန်းမာကြံ့ခိုင်တဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ တည်ရှိတာနဲ့အညီ နိုင်ငံတော်အကြီးအကဲက **"ကျန်းမာမှ ပညာသင်ကြားနိုင်မည်" "ကျန်းမာမှ အလုပ်လုပ်နိုင်မည်" "လူ့အသက်ထက် အရေးကြီးတာမရှိ"** ဆိုပြီး လမ်းညွှန်မှာကြားကာ အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ အကြံပြုတိုက်တွန်းထားပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေဟာ ဒီလမ်းညွှန်ချက်တွေကို လိုက်နာအကောင်အထည်ဖော်ဆောင်လျက် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုး

*စာမျက်နှာ ၁၁ သို့*

❖ **ဆရာဝန်တွေဟာ လူ့အသက်တွေရဲ့ စောင့်ရှောက်သူ၊ နာကျင်မှုတွေကို သက်သာပျောက်ကင်းစေသူ၊ ဝေဒနာခံစားနေရသူတွေအတွက် မျှော်လင့်ချက်ရဲ့ သင်္ကေတတွေဖြစ်ပါတယ်။ ဆရာဝန်တစ်ဦးအနေနဲ့ ရှေ့ဆက်လျှောက်ရမယ့် ခရီးလမ်းဟာ အမြဲတမ်းချောမွေ့နေမှာတော့ မဟုတ်ပါဘူး။ အိပ်ရေးပျက်တဲ့ညတွေရှိမယ်၊ ကိုယ့်ကိုယ်ကိုယ် သံသယဝင်စရာအချိန်တွေရှိမယ်၊ ထမ်းထားရတဲ့ ကြီးလေးတဲ့တာဝန်တွေကို လေးလံသလိုခံစားရတဲ့ အခိုက်အတန့်တွေလည်း ရှိလာမယ်။ ဒါပေမယ့် လူတစ်ယောက်ရဲ့တန်ဖိုးကို သက်သောင့်သက်သာရှိပြီး အဆင်ပြေတဲ့အချိန်မှာ တိုင်းတာတာမဟုတ်ဘူး၊ ခက်ခဲတဲ့စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရတဲ့အချိန်မှာ ဘယ်လိုရပ်တည်ကျော်ဖြတ်သလဲဆိုတဲ့အပေါ်မှာ တိုင်းတာတာသာဖြစ်တယ်။ ဆရာဝန်သစ်လွင်တွေဟာ သတ္တိနဲ့ ရပ်တည်မယ်၊ ရိုးသားမှုနဲ့ ရှင်သန်ကြီးထွားပြီး ကရုဏာတရားနဲ့ ဦးဆောင်နိုင်မယ်ဆိုတာကို ကျွန်တော်တို့အားလုံးက အပြည့်အဝယုံကြည်နေကြပါတယ်**

# တောင်ငူခရိုင်အတွင်း ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်

**တောင်ငူ ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက တောင်ငူခရိုင်အတွင်း ဒေသထွက် ကုန်ကြမ်းပစ္စည်းများဖြင့် ကုန်ထုတ်လုပ်မှု တိုးတက် မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များသည် ရေတာရှည်မြို့နယ် ရွှေပြည်အေးကျေးရွာ၌ ဦးဉာဏ်ဝင်း၏ တန် (၁၀၀) ကျ ပျော့ဖတ်စက်ရုံနှင့် စက္ကူအဖြူစက်ရုံတည်ဆောက်နေမှုအား ကွင်းဆင်း ကြည့်ရှုခဲ့ပြီး ဝါး/ကောက်ရိုးပျော့ဖတ်ဖြင့်လည်း စက္ကူထုတ်လုပ်သွားရန်၊ ပြည်တွင်း၌ ပြည်ပသွင်းကုန် အစားထိုး ဘက်စုံသုံးစက္ကူချောများ လျင်မြန်စွာ ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံ အမြန်ဆုံးလည်ပတ် နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက် ပေးခဲ့ကာ စက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင် အမှတ် (၁၇၄/၄) မှ (၁၇၄/၆)ကြား ပျက်စီးနေသည့် လမ်းပိုင်း ပေ ၆၀၀ အား ၄၈ ပေအကျယ်၊ တစ်ပေအမြင့် လမ်းအဆင့်မြှင့်တင် ကွန်ကရစ်ခင်းနေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေတာရှည်မြို့နယ် ကြံသန္တယ်ကျေးရွာရှိ ဦးသောင်း ဝင်းထွန်း၏ ရွှေပြည်သစ်နှင့် ဟိန်း အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် မုန့်ဖတ် ခြောက်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံတကာအဆင့်မီ ထုပ်ပိုးမှုစနစ်များ အဆင့် မြှင့်တင်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် တောင်နန်ချွန် ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးထွန်းထွန်းဝင်း၏ ဥစားကြက်ကောင်ရေ ၂၀၀၀၀ မွေးမြူထားရှိမှုနှင့် ကြက်စာစပ်လုပ်ငန်းတို့အား သွားရောက်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ငူမြို့နယ် ကေတုမတီ မြို့သစ် သဝန်ငယ်ရပ်ကွက်ရှိ ဦးဉာဏ်ဝင်း၏ စွန့်ပစ် စက္ကူအဟောင်းများဖြင့် တစ်ရက်တန် ၆၀ ကျ ပါကင် စက္ကူထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှု အားပေးခဲ့ပြီး ဒေသတွင်းကုန်ထုတ်လုပ်မှု တိုးတက် မြင့်မားစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးနှင့် လုပ်ငန်းချိန်အတွင်း လျှပ်စစ်မီး ရရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ် သည်။

ဦးစွာ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လေ၁ဟာက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သင်းသင်းမိုးနှင့် ဦးစီးအရာရှိ ဒေါ်ဝေဝေ လွင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



## နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက် သောင်းကျန်းသူများ၏ အကြမ်း ဖက်လုပ်ရပ်များကြောင့် တစ်နှစ် နီးပါးပိတ်ထားခဲ့ရသည့် အခြေခံ ပညာ ကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာ ရပ်များကို သင်ကြားပေးလျက်ရှိ သည့်အပြင် ကျောင်းအပ်လက်ခံ ခြင်းကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက် ပေးလျက်ရှိရာ နောင်ချိုမြို့နယ် အတွင်း အခြေခံပညာကျောင်း ၂၆ ကျောင်းအထိ ပြန်လည်ဖွင့်လှစ် နိုင်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်း ကိုလည်း ဆက်လက်ဆောင်ရွက် ပေးလျက်ရှိသဖြင့် ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၄၀၈ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြား လျက်ရှိသည်။



ထို့အပြင် ဒေသခံတိုင်းရင်း သားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီး ခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ ဆေးရုံကြီးအား ပြန်လည်ပြုပြင် ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည် ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်း သားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိသည်။ ထိုသို့ ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၄၈ ဦးတို့ကို ငှက်ဖျား ရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေ ထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက် ပေးပြီး အတွင်းလူနာအဖြစ် အမျိုး သား ၂၀၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၃၁ ဦး တက်ရောက် ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

တိုးတက်စေရေးကဏ္ဍမှာ တစ်ဖက်တစ်လမ်းကနေ ပါဝင်ပြီး ဟန်ချက်ညီညီ ရှေ့သို့ ချီတက်နေကြတာကို ဂုဏ်ယူဖွယ် မြင်တွေ့ရပါတယ်။

**နိုင်ငံတော်အနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ဖို့ အတွက်ဝန်ထမ်းအိမ်ရာတွေ တိုးချဲ့ဆောက်လုပ်ပေး နေတဲ့အပြင် ချီးမြှင့်ငွေနဲ့ စရိတ်မျိုးစုံကို ခံစားခွင့် ရရှိစေဖို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ သစ်လွင်ဆရာဝန်တွေရဲ့ ပညာဖွံ့ဖြိုး တိုးတက်မှုအတွက် အဆင့်မြင့်လေ့ကျင့်သင်ကြားမှု တွေ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ခေတ်မီဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတွေကို လည်း နိုင်ငံတော်အနေနဲ့ ပံ့ပိုးပေးနေပါတယ်။ ဒ့ါအပြင် နိုင်ငံတကာကို ပညာသင်စေလွှတ်နိုင်မှု အနေနဲ့ ၂၀၂၁ ခုနှစ်ကနေ အခုအချိန်အထိ ဘွဲ့လွန် သင်တန်းသား ၃၁၈ ဦး စေလွှတ်နိုင်ခဲ့တဲ့အပြင် နိုင်ငံတကာကွန်ဖရင့်တွေ၊ ဆွေးနွေးပွဲတွေကို ၁၉၅၇ ဦးအထိ စေလွှတ်နိုင်ခဲ့တာ တွေ့ရှိရမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေရဲ့ လုပ်ကိုင်နိုင်စွမ်း တိုးတက်မှုဟာ နိုင်ငံတော်နဲ့ ပြည်သူရဲ့ အောင်မြင်မှု ပဲဖြစ်ပါတယ်။**

နိုင်ငံတစ်နိုင်ငံရဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှုကို ခနအင်အားတွေ၊ လက်နက်တွေနဲ့ တိုင်းတာတာမဟုတ်ဘဲ ပြည်သူလူထုရဲ့ ကျန်းမာ ရေး၊ ပညာတတ်မြောက်မှု၊ ပျော်ရွှင်မှု သုခတို့နဲ့ တိုင်းတာပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ထမ်း တွေရဲ့ ဝန်ဆောင်မှုဟာ နိုင်ငံတည်ဆောက်ရေး ဖြစ်ပါတယ်။ သူတို့ရဲ့လက်တွေနဲ့ နိုင်ငံတော်ကို တည်ဆောက်နေတာဖြစ်ပါတယ်။

### ယုံကြည်မျှော်လင့်မှုများ

သစ်လွင်ဆရာဝန်တို့အနေနဲ့ဆူညံပြီးစည်ကား တဲ့ မြို့ကြီးပြကြီးက ဆေးရုံကြီးတစ်ခုမှာ တာဝန်ကျ တာဖြစ်ဖြစ်၊ ကျေးလက်ဒေသက ဆေးခန်းလေး တစ်ခုမှာ တာဝန်ကျတာဖြစ်ဖြစ် မိမိတို့ကုသပေးတဲ့ လူနာတိုင်းဟာ နိုင်ငံတိုးတက်မှုရဲ့ အစိတ်အပိုင်း တစ်ခုပဲ ဖြစ်တယ်ဆိုတာကို သတိပြုမိစေချင်ပါ တယ်။ နှလုံးသားတွေကြည်လင်ပြီး စေတနာပြည့်ဝ ကာ မိမိတို့ရဲ့ကျွမ်းကျင်မှုတွေ၊ တာဝန်သိမှုတွေနဲ့ အတူ ပြည်သူတွေကို ကျန်းမာရေးဝန်ဆောင်မှုတွေ ပေးအပ်နိုင်လိမ့်မယ်လို့လည်း အပြည့်အဝယုံကြည် ပါတယ်။ ပြည်သူတွေရဲ့ ကျေးဇူးတင်မှု၊ ယုံကြည်မှု နဲ့ မေတ္တာတရားတွေဟာ အကြီးမားဆုံးသော ဆုလာဘ်ပဲဖြစ်ပါတယ်။

ဆေးပညာရဲ့ အလင်းရောင်သဖွယ်ဖြစ်တဲ့ မိမိတို့ရဲ့ ကုသပေးနိုင်မှုဟာ လူများစွာရဲ့ဘဝ ကို ပြောင်းလဲနိုင်တယ်ဆိုတာကိုလည်း အမြဲနှလုံး သွင်းစေချင်ပါတယ်။ အဖြူရောင်ဂျူတီကုတ်ကို လူနာတွေ အားကိုးယုံကြည်ရတဲ့ သမားဂုဏ် အပြည့်နဲ့ ဝတ်ဆင်နိုင်ကြဖို့ကိုလည်း မျှော်လင့် ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် နိုင်ငံ့ဝန်ထမ်းဆရာဝန် တွေအနေနဲ့ မိမိတို့ရဲ့သက်မွေးမှုပညာနဲ့ နိုင်ငံတော် က ပေးအပ်လာတဲ့တာဝန်တွေကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ့ဝန်ထမ်း ဆရာဝန် တစ်ဦးရဲ့ အောင်မြင်တဲ့ဘဝကို တည်ဆောက်နိုင်ကြ ပါစေကြောင်းနဲ့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာ ရေး စောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေ ဖို့အတွက် မွန်မြတ်စိတ်ထား မေတ္တာတရားအပြည့်နဲ့ ဝိုင်းဝန်းကြိုးပမ်းရွက်ဆောင်နိုင်သူများ ဖြစ်လာ ကြမယ်လို့ ခိုင်မာစွာယုံကြည်ပါကြောင်း ဂုဏ်ပြု ရေးသားလိုက်ရပါတယ်။ ။

**“နိုင်ငံတော်အနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေအဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင် နိုင်ဖို့အတွက် ဝန်ထမ်းအိမ်ရာတွေ တိုးချဲ့ဆောက်လုပ်ပေးနေတဲ့အပြင် ချီးမြှင့်ငွေနဲ့ စရိတ်မျိုးစုံကို ခံစားခွင့်ရရှိစေဖို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သစ်လွင် ဆရာဝန်တွေရဲ့ ပညာဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြင့်လေ့ကျင့်သင်ကြားမှုတွေ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ခေတ်မီဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတွေ ကိုလည်း နိုင်ငံတော်အနေနဲ့ ပံ့ပိုးပေးနေပါတယ်။ ဒ့ါအပြင် နိုင်ငံတကာကို ပညာသင် စေလွှတ်နိုင်မှုအနေနဲ့ ၂၀၂၁ ခုနှစ်ကနေ အခုအချိန်အထိ ဘွဲ့လွန်သင်တန်းသား ၃၁၈ ဦး စေလွှတ်နိုင်ခဲ့တဲ့အပြင် နိုင်ငံတကာကွန်ဖရင့်တွေ၊ ဆွေးနွေးပွဲတွေကို ၁၉၅၇ ဦးအထိ စေလွှတ်နိုင်ခဲ့တာ တွေ့ရှိရမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေရဲ့ လုပ်ကိုင်နိုင်စွမ်းတိုးတက်မှုဟာ နိုင်ငံတော်နဲ့ ပြည်သူရဲ့ အောင်မြင်မှုပဲ ဖြစ်ပါတယ်”**





2025 E-sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။





မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်သည့် Yangon Galacticos အသင်းမှ အသင်းသားများ ပြိုင်ပွဲတွင် အနိုင်ရရှိပြီးနောက် အောင်ပွဲခံနေမှုကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

Yangon Galacticos အသင်းသည် ကမ္ဘာ့အဆင့် E-sports World Cup ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ E-sports အမျိုးအစား ၂၅ မျိုးကျော် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ ဩဂုတ် ၃ ရက်တွင် ကျင်းပခဲ့သည့် Grand Final ၌ တရုတ်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံမှ အသင်းတို့ကို အကြိတ်အနယ် ယှဉ်ပြိုင်ကစား၍ ပွဲစဉ်တိုင်းတွင် အမှတ်အမြင့်ဆုံးဖြင့် အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ချန်ပီယံဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၅၀၀၀၀ ဆွတ်ခူးရရှိခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်မြို့တွင် ကျင်းပသည့် 2025 E-sports World Cup ပြိုင်ပွဲသည် နိုင်ငံတကာပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ လက်ရွေးစင်အသင်းပေါင်း ၁၀၀၀ ကျော်တွင် ပရော်ဖက်ရှင်နယ် ကစားသမား ၅၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာနိုင်ငံကိုယ်စားပြု YG (Yangon Galacticos) အသင်းသည် အိမ်ရှင်ဆော်ဒီအာရေဗျ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ အိန္ဒိယ၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ တူကီယဲ၊ အီဂျစ်၊ ဘရာဇီး စသည့် ဥရောပလက်ရွေးစင် နိုင်ငံ ၁၆ နိုင်ငံမှ ထိပ်သီး ၂၄ သင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံဆုကို ထိုက်တန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

MLBB MSC E-sports World Cup – 2025 ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ Mythic SEAL အသင်းသည် ကမ္ဘာ့အဆင့် ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပြီး ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ရရှိ၍ Terror Queen အမျိုးသမီး အသင်းကလည်း MLBB E-sports World Cup-2025 Mobile Legends: Bang Bang – Women's Invitational (MWI) ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် တတိယဆုရရှိခဲ့ကာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ရရှိခဲ့သည်။ E-sports ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ Yangon Galacticos အသင်းသည် ကမ္ဘာ့နိုင်ငံများမှ ပရော်ဖယ်ရှင်နယ်ကစားသမားကို ကျော်ဖြတ်၍ ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ချန်ပီယံဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ညနေပိုင်းတွင် 2025 E-sports World Cup ကမ္ဘာ့ချန်ပီယံဆု ရရှိခဲ့သည့် Yangon Galacticos အသင်းအား ဂုဏ်ပြုကြိုဆိုပွဲကို ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ Yangon Galacticos အသင်းအား ပံ့ပိုးကူညီခဲ့သူများ၊ PUBG Mobile ဝါသနာရှင်များ၊ ပရိသတ်များ၊ ဖိတ်ကြားထားသူများက Yangon Galacticos အမှတ်တံဆိပ်ပါ အလံငယ်နှင့် ယပ်တောင်များ ဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုကြပြီး Yangon Galacticos အသင်းသားများက စင်မြင့်ထက်မှ ဆုဖလားကို ကိုင်မြှောက်ကာ ပရိသတ်များနှင့်အတူ အောင်ပွဲခံကြသည်။

ထို့နောက် 2025 E-sports World Cup ပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိခဲ့သည့် Yangon Galacticos အသင်းသားများ ဖြစ်ကြသည့် မောင်စွမ်းဝင့်မောင် (Smile)၊ မောင်ဆောင်းဝေဖြိုး (Marnett)၊ မောင်ကောင်းခန့်အောင် (SAY-CLOUD)၊ မောင်ခန့်ဇော်ဟိန်း (Romeo)နှင့် ၎င်းတို့၏မိဘများ၊ အသင်းမှ တာဝန်ရှိသူများက ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားကြသည်။

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ Mr. Devanandan က E-sports အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀၀၀ နှင့် KBZ Pay ၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အေးပွင့်အောင်က ဂုဏ်ပြုပွဲအခမ်းအနားကျင်းပနိုင်ရေးအတွက် ချီးမြှင့်ငွေကျပ်သိန်း ၂၀၀၀ကို ပေးအပ်ရာ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကောင်းမြတ်စံက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး**



အောင်ပွဲရမြန်မာအသင်းသားများအား အားကစားဝါသနာရှင်များနှင့် ပြည်သူများက တစ်ခဲနက် ဂုဏ်ပြုကြိုဆိုကြစဉ်။

## ထားဝယ်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုး

**ထားဝယ် ဩဂုတ် ၇**

တနင်္သာရီတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် ထားဝယ်မြို့နယ် ကျောက်မော်ရပ်ကွက် လမ်းမသစ်လမ်း ဦးပိုင်အမှတ် ၁၃/၁ ၌ ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသား တောင်သူများ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းက မိုးစပါးစိုက်ခင်းများတွင် မြေဩဇာများ အချိန်ကိုက် အချိုးကျထည့်သွင်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်စေရေး ဂရုစိုက်ဆောင်ရွက်သွားရန် တောင်သူများအားမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

**အားကစား မြှင့်တင် စိတ်လန်းရွှင်**

# E-sports World Cup ပြိုင်ပွဲမှ ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် Yangon Galacticos(YG)အသင်း၏ ဂုဏ်ယူဝမ်းမြောက်ဖွယ် ရင်တွင်းပီတိစကားသံများ

■ *အင်တာဗျူး - သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်*

နိုင်ငံတော်က အားကစားကဏ္ဍကို အရှိန်အဟုန်မပျက် အားပေးထောက်ပံ့မှုနှင့်အတူ လူငယ်များစွမ်းအားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဖော်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံမှ Yangon Galacticos(YG)အသင်းသည် E-sports World Cup ပြိုင်ပွဲတွင် ဥရောပနှင့်အာရှနိုင်ငံများမှ ပရော်ဖက်ရှင်နယ်ကစားသမားများကို ကျော်ဖြတ်၍ ကမ္ဘာ့ချန်ပီယံဆု ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ရာ အသင်း၏ ဂုဏ်ယူဝမ်းမြောက်ဖွယ် ရင်တွင်းပီတိစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။



ဒေါက်တာကောင်းမြတ်စံ



ဦးကောင်းမြတ်ထွန်း



စွမ်းဝင့်မောင်





မောင်ခန့်ဇော်ဟိန်း



မောင်ဆောင်းဝေဖြိုး



မောင်ကောင်းခန့်အောင်

**ဒေါက်တာကောင်းမြတ်စံ**
**(မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ)**

မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ကို ၂၀၁၇ ခုနှစ်မှာစပြီး တည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဆီးဂိမ်းကစပြီးတော့ ၂၀၂၁ ခုနှစ် ဗီယက်နမ်ဆီးဂိမ်း၊ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဆီးဂိမ်းတွေမှာလည်း ယှဉ်ပြိုင်ခဲ့ပါတယ်။ ၂၀၂၃ အာရှဂိမ်းပြိုင်ပွဲမှာလည်း အာရှအဆင့် နံပါတ် ၅ မှာရှိနေခဲ့ပါတယ်။ ကမ္ဘာ့အဖွဲ့ချုပ်ကကျင်းပတဲ့ World E-sport Championship(WEC) ပြိုင်ပွဲမှာလည်း Dota 2 ဂိမ်းကစားနည်းမှာ ကမ္ဘာ့အဆင့် ၂ ကို အောင်မြင်မှုရရှိခဲ့ပါတယ်။ ၂၀၂၅ ခုနှစ်မှာတော့ E-sports World Cup PUBG Mobile ပြိုင်ပွဲမှာ ကမ္ဘာ့ချန်ပီယံဆုဖြစ်တဲ့ ကမ္ဘာ့ဖလားကြီးကို မြန်မာနိုင်ငံမှာ ပထမဆုံးအနေနဲ့ E-sports အားကစားနည်းကနေ နိုင်ငံနဲ့ပြည်သူအတွက် လက်ဆောင်မွန်အဖြစ် ဆွတ်ခူးသယ်ဆောင်ခဲ့ပါတယ်။ အခုပြိုင်ပွဲမှာ ကမ္ဘာ့အကောင်းဆုံးနိုင်ငံက ကစားသမားတွေကို ကျော်ဖြတ်ပြီး အောင်မြင်မှုသရဖူကို မြန်မာနိုင်ငံက ရရှိခဲ့တာပါ။ ဒါဟာ အောင်မြင်မှုသမိုင်းကြောင်းကို ရေးထိုးနိုင်ခဲ့တာပါ။

အခုလိုပြိုင်ပွဲမှာ အောင်မြင်မှုရအောင်နဲ့ နိုင်ငံအတွက် ဆုတစ်ခုကို ရအောင်ယူဆောင်ခဲ့ဖို့ မှာကြားရင်း အဘက်ဘက်က ကူညီထောက်ပံ့ပေးခဲ့တဲ့ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံမှာ E-sports အားကစားနည်းတစ်ရပ်အဖြစ် ယှဉ်ပြိုင်နိုင်အောင် အသိအမှတ်ပြုပေးတဲ့ နိုင်ငံတော်အကြီးအကဲ၊ ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အားပေးကူညီခဲ့တဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ အားကစားကိုချစ်မြတ်နိုးတဲ့ ပြည်သူအပေါင်းကို ဤနေရာကနေ ဂါရဝပြုဦးခိုက်ပါတယ်။

ဆက်လက်ပြီး နိုင်ငံ၊ ပြည်သူနဲ့ အသင်းအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားသွားပါ့မယ်လို့ ပြောကြားလိုပါတယ်။ အသင်းရဲ့ ညီညွတ်မှုစွမ်းအားနဲ့ ကမ္ဘာ့ချန်ပီယံဆုအတွက် ဖော်မပြနိုင်အောင် ဝမ်းသာဂုဏ်ယူရပါတယ်။

**ဦးကောင်းမြတ်ထွန်း(Yangon Galacticos – YG တည်ထောင်သူ)**

လူငယ်တွေမှာ စွမ်းရည်ကိုယ်စီရှိကြပါတယ်။ အဲဒါကို မြှင့်တင်ဆောင်ရွက်ပေးဖို့လိုပါတယ်။ ကျွန်တော်တို့အသင်းကို အကောင်းဆုံး ပြုစုပျိုးထောင်ခဲ့ပါတယ်။ အခုပြိုင်ပွဲမှာ အခက်အခဲမျိုးစုံရှိပေမယ့် အသင်းအနေနဲ့ နေရာတစ်နေရာဖြစ်စေ၊ ဆုတစ်ခုဖြစ်စေ ရရမယ်ဆိုတဲ့စိတ်နဲ့ယှဉ်ပြိုင်ခဲ့ကြတာပါ။ ကမ္ဘာ့အဆင့်ရှိတဲ့ အသင်းတွေကို ကျော်ဖြတ်ပြီး နိုင်ငံ့ဂုဏ်ဆောင်ဆုဖလားကြီးကိုဆွတ်ခူးခဲ့တာပါ။ ဆုရဖို့ မမျှော်မှန်းထားပေမယ့် ညီငယ်တွေရဲ့ စုပေါင်းအား၊ စွမ်းဆောင်ရည်ကြောင့်သာ အောင်မြင်မှုရခဲ့တာပါ။ မြန်မာ့အရည်အချင်းကို ကမ္ဘာ့အလယ်မှာ ချပြနိုင်ခဲ့တဲ့အတွက် အသင်းအတွက်လည်း ဂုဏ်ယူပါတယ်။

မြန်မာလူငယ်တွေမညံ့ဘူးဆိုတာ ကမ္ဘာ့အလယ်မှာချပြဖို့ အားကစားသမားများစွာရှိနေပါတယ်။ လူငယ်တွေအိပ်မက်ကို အကောင်အထည်ဖော်ပေးနိုင်တဲ့အပေါ်လည်း အားရကျေနပ်မှုရှိပါတယ်။ ပြိုင်ပွဲနောက်ဆုံးမှာ အသင်းက နိုင်ပြီဆိုတာ သိလိုက်တဲ့အချိန်ဟာ ဘယ်အရာနဲ့မှလဲလို့မရတဲ့ခံစားမှုကို ညီလေးတွေနဲ့ထပ်တူ ခံစားခဲ့ရပါတယ်။ အမှတ်တရလည်း ဖြစ်ခဲ့ပါတယ်။ ရှေ့ဆက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်မယ့် အားကစားပွဲတွေ အသင့်ရှိနေပါတယ်။ ဆက်လက်ပြီး ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

**စွမ်းဝင့်မောင်(ကမ္ဘာ့ချန်ပီယံ – Smile)**

အခုပွဲမှာ ကမ္ဘာ့ချန်ပီယံဆုရရှိမယ်လို့ မမျှော်မှန်းခဲ့ပါဘူး။ အသင်းအနေနဲ့ အကောင်းဆုံးကစားသွားမယ်ဆိုတဲ့စိတ်နဲ့ ယှဉ်ပြိုင်ခဲ့တာပါ။ တကယ့်နိုင်ငံကြီးတွေက ပရော်ဖက်ရှင်နယ်တွေနဲ့ ယှဉ်ပြိုင်ခဲ့ရတာပါ။ သင်ကြားမှုအပိုင်းမှာ နည်းပြနဲ့လူကြီးတွေ ပြောဆိုမှုအတိုင်း လုပ်ဆောင်ခဲ့တာကြောင့် ပြိုင်ပွဲမှာ အောင်မြင်မှုရခဲ့တာပါ။ နိုင်ငံအတွက် ကမ္ဘာ့ချန်ပီယံဆုကို ထွေးပွေ့နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူတယ်။ အသင်းက ညီအစ်ကိုတွေအားလုံးကိုလည်း ကျေးဇူးတင်တယ်၊ သူတို့အတွက်လည်း ဝမ်းသာတယ်။

ဆက်လက်ပြီးတော့လည်း ပြိုင်ပွဲတွေ ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ကျွန်တော်တို့ကို အခုလိုကြိုဆိုလိမ့်မယ်လို့မထင်ထားဘူး။ တွေ့လိုက်ရတော့ ဝမ်းနည်းဝမ်းသာဖြစ်ရပါတယ်။ အခုလိုမျိုး အောင်မြင်မှုရရှိအောင် ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းပေးခဲ့တဲ့ မိဘနှစ်ပါးကို အထူးကျေးဇူးတင်ပါတယ်။ နိုင်ငံတော်က တာဝန်ရှိသူတွေနဲ့ အသင်းအတွက် အားပေးကူညီသူအားလုံးကို လေးလေးစားစား ကျေးဇူးတင်ပါတယ်။

**မောင်ခန့်ဇော်ဟိန်း(ကမ္ဘာ့ချန်ပီယံ – Romeo)**

အခုပွဲမတိုင်မီ အခြားပြိုင်ပွဲတွေမှာလည်း အသင်းက ညီညီညွတ်ညွတ်နဲ့ ပြိုင်ဆိုင်ပြီး ကမ္ဘာ့ချန်ပီယံပွဲအတွက် ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ နိုင်ငံပေါင်း ၁၀၀ ကျော်က အသင်းပေါင်း ၂၄ သင်းမှာ ၁၆ သင်း၊ ရှစ်သင်းကနေ နောက်ဆုံး final ပြိုင်ပွဲမှာ တရုတ်၊ မွန်ဂိုလီးယားနဲ့ အပြိုင်အဆိုင် ယှဉ်ပြိုင်ခဲ့ရပါတယ်။ ကမ္ဘာ့အဆင့် ၅ နေရာအတွက် ကစားရင်း နိုင်ငံအတွက် အောင်မြင်မှုတစ်ခုခုရအောင် ကစားမယ်လို့ သူငယ်ချင်းတွေနဲ့လက်ချင်းချိတ်ကတိပြုကစားခဲ့တာ ကမ္ဘာ့ချန်ပီယံဆုကို ရခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ကမ္ဘာ့ချန်ပီယံဆုကို ရလိုက်ပြီလို့ သိလိုက်တဲ့အချိန်မှာ ရင်ထဲတော်တော်လေးခံစားရတယ်။ အခြားအားကစားသမားတွေ အောင်မြင်မှုကြောင့် မျက်ရည်လည်တယ်ဆိုတာ ဒါပါလားလို့ ခံစားမှုဝင်လာပါတယ်။ အောင်မြင်မှုကြောင့် ပျော်တယ်။ နိုင်ငံ့ဂုဏ်ဆောင်ဆုကိုရရှိပြီး အလံတော်ကိုလွှမ်းခြုံခွင့်ရတဲ့အတွက် ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်ရပါတယ်။

ရန်ကုန်လေဆိပ်ကိုရောက်တော့ မထင်ထားဘဲလာရောက်ကြိုဆိုမှုကို အထူးကျေးဇူးတင်ပါတယ်။ ချန်ပီယံဆုဟာ လွယ်လွယ်နဲ့ရခဲ့တာမဟုတ်တဲ့အတွက် သင်ကြားပေးခဲ့တဲ့ ဆရာတွေ၊ စိတ်ဓာတ်မကျအောင် လမ်းပြပေးတဲ့အစ်ကိုတွေနဲ့အသင်းသားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ လူငယ်တွေအနေနဲ့ အောင်မြင်မှုလိုချင်ရင် ဇွဲရှိရှိနဲ့ ကြိုးစားအားထုတ်ဖို့ တိုက်တွန်းလိုပါတယ်။ နိုင်ငံတော်ကတာဝန်ရှိသူတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်။

**မောင်ဆောင်းဝေဖြိုး(ကမ္ဘာ့ချန်ပီယံ – Marnett)**

ပြိုင်ပွဲမှာ ခက်ခက်ခဲခဲနဲ့ပြိုင်ခဲ့ရပြီး အသင်းရဲ့စုပေါင်းအားနဲ့ အောင်မြင်မှုရခဲ့တာပါ။ အမှားတွေကိုချက်ချင်းပြင်ပြီး မှန်းထားတဲ့အဆင့် ၅ ကနေ စိတ်ကိုအေးအေးထားပြီး နိုင်ငံကြီးက အသင်းတွေကို ကျော်ဖြတ်ပြီး ကမ္ဘာ့ချန်ပီယံဆုကြီးကို ရရှိခဲ့ပါတယ်။ အခုလိုပြိုင်ပွဲဆိုတာ နိုင်ငံက အကောင်းဆုံးအသင်းတွေပဲ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ကမ္ဘာ့ဂိမ်းပြိုင်ပွဲဖြစ်တဲ့အတွက် ယှဉ်ပြိုင်မှုကြီးမားပါတယ်။ ပြိုင်ပွဲကိုကြည့်ရင်သိနိုင်ပါတယ်။ ကျွန်တော်တို့ကို တခမ်းတနား ကြိုဆိုပေးတဲ့ ပြည်သူတွေနဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို အားပေးကူညီထောက်ပံ့ပေးတဲ့ ကမ္ဘောဇဘဏ်ကိုလည်း ကျေးဇူးတင်ပါတယ်။ အမြဲကူညီပေးနေတဲ့ မိဘနှစ်ပါးနဲ့ E-sports ဖန်တွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဆုရခဲ့တဲ့အတွက် ပျော်လည်းပျော်တယ်၊ ဂုဏ်လည်းယူပါတယ်။ ဆက်ပြီးကြိုးစားသွားမှာပါ။

**မောင်ကောင်းခန့်အောင်(ကမ္ဘာ့ချန်ပီယံ– SAYCLOUD)**

ကျွန်တော်တို့လေးဦးမှာ ပထမတစ်ဦးက ဘယ်နေရာမှာ ရန်သူတွေရှိလဲလို့ကြည့်ရတဲ့ စကောက်တစ်ဦး၊ ဒုတိယတစ်ဦးက ဘယ်လိုတွေလုပ်ရမယ်လို့ညွှန်ကြားတဲ့ ခေါင်းဆောင်၊ တတိယတစ်ဦးက လိုက်လံတိုက်ခိုက်ရတဲ့ သူ၊ စတုတ္ထတစ်ဦးက လိုအပ်တာတွေကို လိုက်လံဖြည့်ဆည်းပေးရတဲ့သူအဖြစ် လေးဦးယှဉ်ပြိုင်ခဲ့ပါတယ်။ အရင်ကတည်းက အသင်းတစ်ခုထက် ညီအစ်ကိုလို တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီမှုစိတ်ထားနဲ့ လက်တွဲခဲ့ကြတာကြောင့် စုပေါင်းတိုက်ခိုက်တဲ့အခါမှာ အောင်မြင်မှုရခဲ့တာပါ။ နိုင်ငံကြီးတွေက အတော်ဆုံးပရော်ဖက်ရှင်နယ်တွေနဲ့ ယှဉ်ပြိုင်ခဲ့ရတာပါ။ ဆုရဖို့မမျှော်မှန်းပေမယ့် နေရာတစ်ခုမှာ ရှိနေရမယ်ဆိုတဲ့စိတ်က အားလုံးရင်ထဲမှာရှိခဲ့ပါတယ်။ ကမ္ဘာ့ချန်ပီယံဆုရပြီလို့ သိလိုက်ရတဲ့အချိန်ဟာ အိပ်မက်များ မက်နေတာလားလို့ ထင်မိပါသေးတယ်။ ဘေးဝန်းကျင်ပရိသတ်တွေမြင်နေရတော့ ပြိုင်ပွဲဆိုတာသိရပြီး ရင်ထဲမှာ ပြန်ပြီးပြောပြလို့မရတဲ့ ဝမ်းသာမှုကို ကျွန်တော်တို့အားလုံး ခံစားလိုက်ရပါတယ်။

အခုအောင်မြင်မှုဟာ လူငယ်တွေအတွက် ပိတ်နေတဲ့လမ်းကို ဖွင့်ပေးနိုင်ခဲ့မှုအပေါ် ဝမ်းသာကြည်နူးဖြစ်ရပါတယ်။ ကြိုးစားမယ်ဆိုရင် ဇွဲရှိရှိနဲ့ မဆုတ်မနစ်လုပ်ဆောင်ဖို့လိုပါတယ်။ ရန်ကုန်လေဆိပ်ကိုရောက်တော့ အခုလို စည်စည်ကားကားနဲ့ ကြိုဆိုမယ်လို့ မထင်ထားပါဘူး။ အခုလို ကြိုဆိုအားပေးမှုအပေါ် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံးနဲ့ မိဘပြည်သူများကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ။

ထိုသို့သော အောင်မြင်မှုသည် လူငယ်များက အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်ပေးနိုင်မှုအား မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပြီး မျိုးဆက်သစ်လူငယ်တို့၏ အနာဂတ်သည် အားကစားကဏ္ဍမြှင့်တင် စွမ်းဆောင်မှုဖြင့် အောင်မြင်မှုအသီးအပွင့်များ ဝေဆာလန်းဆန်းသင်းပျံ့လာမည်မှာ အမှန်ပင်ဖြစ်သည်။

---

○ *ကျောဖုံးမှ*

ထောင့်ကန်ဘောမှ ပြန်လျှံထွက်လာသော ဘောလုံးကို မေသက်မွန်မြင့်က အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး သြစတြေးလျဂိုးသမားအမှားမှတစ်ဆင့် တိုက်စစ်မှူး ဝင်းသီရိထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် သြစတြေးလျအသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းလာပြီး ၈၄ မိနစ်တွင် ဟိုလီက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ မြန်မာအသင်းသည် လက်ကျန်မိနစ်များတွင် အနိုင်ရလဒ်ကို ထိန်းကစားပြီး အနိုင်သုံးမှတ်ရယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အဖွင့်ဂိုးသွင်းယူခဲ့သည့် မြန်မာအသင်းနောက်ခံလူ မေသက်မွန်မြင့်က ရရှိသည်။ မြန်မာအသင်းသည် အုပ်စု (B) တွင် လက်ရှိချန်ပီယံ ဖိလစ်ပိုင်၊ သြစတြေးလျ၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး သြဂုတ် ၁၀ ရက်တွင် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ–MFF**

# အက်ပဲလ်ကုမ္ပဏီက အမေရိကန်တွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်မည်

**ကယ်လီဖိုးနီးယား ဩဂုတ် ၇**

ထုတ်ကုန်ပစ္စည်းများနှင့် အစိတ်အပိုင်းများ တင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှု မြင့်မားလာသည့်အတွက် အက်ပဲလ်ကုမ္ပဏီက အမေရိကန်တွင် ကုန်ထုတ်လုပ်မှု မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်သွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ သုံးစွဲသွားရန် အစီအစဉ်ရှိသည်ဟု ပြောသည်။

အမေရိကန်သို့ စက်ရုံများရွှေ့ပြောင်းလာရန် ရည်ရွယ်၍ အမေရိကန်သမ္မတထရမ့်သည် အက်ပဲလ်ကုမ္ပဏီအပါအဝင် အခြားသောကုမ္ပဏီများအပေါ် ဖိအားပေးရန် ကြိုးပမ်းခဲ့သည်။ အိုင်ဖုန်းထုတ်လုပ်သူ စီအီးအို တင်ကွတ်ခ်သည် အမေရိကန်၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်မည့်အစီအစဉ်ကို ဩဂုတ် ၆ ရက်က အမေရိကန်သမ္မတ ထရမ့်နှင့် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ အက်ပဲလ်ထုတ်ကုန်များတွင် အသုံးပြုသော အရေးကြီးသည့် အစိတ်အပိုင်းများကို အမေရိကန်တွင်ထုတ်လုပ်ရန် အားပေးသွားမည်ဟု တင်ကွတ်ခ်ကပြောသည်။ အက်ပဲလ်၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် အိုင်ဖုန်းအတွက် ဖန်သားများ ထုတ်လုပ်ခြင်းကို ကန်တက်ကီပြည်နယ်ရှိ လက်ရှိ အစိတ်အပိုင်းများပေးသွင်းနေသည့် ကုမ္ပဏီထံ ပြောင်းရွှေ့ရန်လည်း ပါဝင်သည်။

အမေရိကန်၌ အက်ပဲလ်၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်သည် လာမည့်လေးနှစ်တာကာလအတွင်း အမေရိကန် ဒေါ်လာ ၆၀၀ ဘီလီယံ တန်ဖိုးရှိလာမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ



# ရေကြီးမှုနှင့် မြေပြိုကျမှုကြောင့် အိန္ဒိယနိုင်ငံ၌ လူပေါင်း ၅၀ ကျော် ပျောက်ဆုံးလျက်ရှိ

**နယူးဒေလီ ဩဂုတ် ၇**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ တောင်ပေါ် ကျေးရွာတစ်ရွာတွင် ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေလျက်ရှိသည်။



မြေပြိုမှုကြောင့် လေးဦးခန့် သေဆုံးပြီး လူအများအပြား ပျောက်ဆုံးနေကြောင်း သိရသည်။ ဥတ္တရာခန်းပြည်နယ် မြောက်ပိုင်းရှိ ရွာတစ်ရွာတွင် ဩဂုတ် ၅ ရက်က ရွံ့နှင့်ရေများ စီးဆင်းခဲ့သည်။

ယင်းဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် အဆိုပါ သဘာဝဘေး ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် လူအများအပြား သေဆုံးကြောင်းကြားသိရပြီး အလွန်ကြောက်စရာကောင်းကြောင်း ဒေသခံတစ်ဦးက ပြောသည်။ လူအများအပြားမှာ ပြေးချိန်ပင် မရလိုက်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအချိန်အထိ လေးဦး သေဆုံးကြောင်း အတည်ပြုထားသည်။ ဒရုန်းများ၊ ရဟတ်ယာဉ်များ အသုံးပြုကာ အသက်ရှင်ကျန်ရစ်သူများကို ရဲများနှင့်လုံခြုံရေး တပ်ဖွဲ့ဝင်များက ရှာဖွေလျက်ရှိသည်။

အဆောက်အအုံများ မျောပါသွားခဲ့ပြီး အပျက်အစီးများအောက်တွင် လူအများအပြား ပိတ်မိနေကြောင်း အိန္ဒိယမီဒီယာများတွင် ဖော်ပြကြသည်။

ပျောက်ဆုံးနေသူ ၅၀ ကျော် ရှိပြီး သေဆုံးသူဦးရေ တိုးလာမည်ကိုလည်း စိုးရိမ်နေကြသည်။

မုတ်သုံ မိုးရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံ၏ ဒေသအများအပြားတွင် နှစ်စဉ်အပျက်အစီးကြီးမားစွာ ဖြစ်ပေါ်လေ့ရှိသည်။

အင်န်အိတ်ချ်ကေ

# နှစ်ပေါင်း ၈၀ ဝန်းကျင်ခန့်အတွင်း ပြင်သစ်နိုင်ငံတောင်ပိုင်း၌ တောမီးအကြီးအကျယ်လောင်ကျွမ်း

**ပါရီ ဩဂုတ် ၇**

နှစ်ပေါင်း ၈၀ ဝန်းကျင်ခန့်အတွင်း ပြင်သစ်နိုင်ငံတောင်ပိုင်း၌ တောမီး အကြီးအကျယ် လောင်ကျွမ်းခဲ့ရာ ပျက်စီးဆုံးရှုံးမှု အမြောက်အမြားဖြစ်ပွားခဲ့မှုနှင့်အတူ လူတစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း အာဏာပိုင်များက ပြောသည်။



အော်ဒီဒေသ၌ ဩဂုတ် ၅ ရက်တွင် တောမီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၆ ရက် ညနေပိုင်းအထိ ဟက်တာ ၁၆၀၀၀ ကျော် မီးလောင်ခဲ့ကြောင်း သိရသည်။ ၁၉၄၉ ခုနှစ်မှ စတင်လောင်ကျွမ်းခဲ့သည့် တောမီးများအနက် အကြီးမားဆုံး တောမီးလောင်ကျွမ်းမှုဖြစ်သည်။

မီးသတ်ကားအစီးရေ ၅၀၀ ခန့်က မီးငြိမ်းသတ်ရန် လုပ်ဆောင်နေသော်လည်း မီးလောင်မှုသည် ဆက်လက်ပျံ့နှံ့လျက်ရှိသည်။ လေယာဉ်များဖြင့် တောမီးလောင်မှုကို ကြိုးစားငြိမ်းသတ်နေသည့် ပုံရိပ်များကို အွန်လိုင်းပေါ်သို့ ရောက်ရှိလာသော ရုပ်သံဖိုင်တချို့တွင် တွေ့မြင်နိုင်မည်ဖြစ်သည်။

ပြင်သစ်ဝန်ကြီးချုပ် ဖရန်ကွိုက်စ်ဘေရိုသည် ဩဂုတ် ၆ ရက်တွင် အခင်းဖြစ်ပွားရာနေရာကို သွားရောက်ကြည့်ရှုခဲ့သည်။

မီးဘေးဒုက္ခသည် "မကြုံစဖူးသော အတိုင်းအတာတစ်ခု" ဖြစ်သည်ဟု ၎င်းကဖော်ပြခဲ့သည်။ မီးလောင်မှုသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော မိုးခေါင်မှုနှင့် ဆက်စပ်မှုရှိနေသည်ဟု ၎င်းက ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံသည် ယခုနှစ်တွင် တောမီးလောင်မှု အတော်များများဖြစ်ခဲ့သည်။ လွန်ခဲ့သည့်လက တောင်ပိုင်း မာဆယ်လီမြို့ ဆင်ခြေဖုံး တွင် ကြီးမားသော မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် လူ ၃၀၀ ဒဏ်ရာရရှိခဲ့သည်။

အင်န်အိတ်ချ်ကေ

# ဆိုမာလီယာ၌ ပြင်းထန်သည့် မိုးခေါင်မှုဒဏ်ကို လူပေါင်းသိန်းနှင့်ချီ ခံစားရ

**ဂျီနီဗာ ဩဂုတ် ၇**

ဆိုမာလီယာအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့တွင် ပြင်းထန်သည့် မိုးခေါင်မှုကို လူပေါင်းသိန်းနှင့်ချီ၍ ခံစားရကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၆ ရက်တွင် ပြောသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ခွဲခြမ်းစိတ်ဖြာမှုများအရ ခရိုင် ၁၆ ခုရှိ လူပေါင်း ၈၈၀၀၀၀ မှာ မိုးခေါင်မှုဒဏ် ခံစားရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရေတွင်းများခန်းခြောက်ကာ စက်ရေတွင်းပေါင်း ၁၆၀ ကျော်မှာလည်း အလုပ်မဖြစ်တော့ကြောင်း၊ မွေးမြူရေးသမားများသည်လည်း ၎င်းတို့၏ကျွဲနွားများနှင့်အတူ အခြားဒေသသို့ပြောင်းရွှေ့ကာ ရေနှင့်စားကျက်ရှာဖွေကြကြောင်း သိရသည်။

ကုလသမဂ္ဂမှ စီမံခန့်ခွဲသော ဆိုမာလီယာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေမှ အရေးပေါ်အသက်ကယ်လိုအပ်ချက်များဖြည့်ဆည်းရန်၊ ရန်ပုံငွေခွဲဝေပေးရန် ပြင်ဆင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# ပေကျင်းမြို့၌ ထူးချွန်သုတေသီများကို ၂၀၂၅ အနာဂတ်သိပ္ပံဆုများ ချီးမြှင့်

**ပေကျင်း ဩဂုတ် ၇**

ဩဂုတ် ၆ ရက်က ပေကျင်းမြို့ အခမ်းအနားတစ်ခုတွင် သုတေသီခုနစ်ဦးကို ၂၀၂၅ အနာဂတ်သိပ္ပံဆုများ ချီးမြှင့်ခဲ့သည်။

ငှက်များသည် ဒိုင်နိုဆောများမှ ပြောင်းလဲဖြစ်ပေါ်လာသည်ဆိုသည့် တွေးခေါ်ယူဆမှုကို ပံ့ပိုးပေးနိုင်သော ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာ အထောက်အထားများ ရှာဖွေတွေ့ရှိမှုအတွက် Ji Qiang၊ Xu Xing နှင့် Zhou Zhonghe တို့ သုံးဦးကို တစ်သက်တာသိပ္ပံဆုများ ချီးမြှင့်ခဲ့သည်ဟု အနာဂတ်သိပ္ပံဝက်ဘ်ဆိုက်တွင် တရားဝင်ထုတ်ပြန် ဖော်ပြထားသည်။

ခန့်မှန်းတွက်ချက်မှုနှင့် ဂျီဩမေတြီဂုဏ်သတ္တိဆိုင်ရာ အီလက်ထရွန်နစ်ပစ္စည်းများ၏ လက်တွေ့စမ်းသပ်အကောင်အထည်ဖော်မှုကို ရှာဖွေတွေ့ရှိမှုအတွက် Fang Zhong၊ Dai Xi နှင့် Ding Hong တို့ကို ရူပသိပ္ပံဆုများ ချီးမြှင့်ခဲ့သည်။

သင်္ချာနှင့် ကွန်ပျူတာသိပ္ပံဘာသာရပ်တွင် ဆုချီးမြှင့်ခံရသူမှာ Lu Chih–Yuan ဖြစ်သည်။ မတည်ငြိမ်သော တစ်ပိုင်းလျှပ်ကူး မှတ်ဉာဏ်နည်းပညာများကို အဆင့်မြှင့်တင်ရာတွင် ၎င်း၏ တီထွင်ဆန်းသစ်မှုများနှင့် ခေါင်းဆောင်မှုများအတွက် ဆုချီးမြှင့်ခံရခြင်းဖြစ်သည်။

အနာဂတ်သိပ္ပံဆုပေးရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ချိန်မှစပြီး ထူးချွန်သုတေသီ ၄၆ ဦးအား ဆုများ ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

အစိုးရမဟုတ်သော တရုတ်သိပ္ပံဆုပေးရေးအဖွဲ့ အခြေခံသိပ္ပံသုတေသနကိုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် သိပ္ပံပညာရှင်များနှင့် စွန့်ဦးတီထွင်သူများအဖွဲ့က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# ကယားပြည်နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ ကြီးကြပ်ရေးကော်မတီ တတိယအကြိမ် ရွေးချယ်ပွဲ လွိုင်ကော်၌ ကျင်းပ



**လွိုင်ကော် ဩဂုတ် ၇**

ကယားပြည်နယ်သည် တည်ငြိမ်အေးချမ်းလျက် ရှိလာပြီဖြစ်၍ ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှု မှန်ကန်စေရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေး၊ နေ့စဉ် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေရေးနှင့် ခရီးသွားပို့ဆောင်ရေးလုပ်ငန်း ခေတ်မီတိုးတက်ကောင်းမွန်စေရန် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျကြီးကြပ်ရေးကော်မတီ တတိယအကြိမ် ရွေးချယ်ပွဲကို ယနေ့ နံနက်က လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်မျိုးသန်းက ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများ စနစ်တကျကြီးကြပ်ရေးကော်မတီကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ တတိယအကြိမ် ကြီးကြပ်ရေး ကော်မတီအသစ်ပြန်လည်ရွေးချယ်ခြင်း ဖြစ်ပါကြောင်းနှင့် ရွေးချယ်ခံကော်မတီဝင်များက ခရီးသွားပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သည့် ယာဉ်အသင်းများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ အကျိုးစီးပွားတိုးတက်ရေး၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေး၊ ကယားပြည်နယ်၏ ခရီးသွားပို့ဆောင်ရေးလုပ်ငန်း ခေတ်မီတိုးတက်ကောင်းမွန်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုယ်စွမ်း၊ ဉာဏ်စွမ်းဖြင့် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ယာဉ်အသင်းများ၊ ယာဉ်ပိုင်ရှင်များက ကော်မတီဝင်လောင်းများအား မဲဆန္ဒပြုရွေးချယ်ခဲ့ကြသည်။ ယင်းနောက် ကော်မတီဝင်များက ကော်မတီ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် ကော်မတီဝင်တို့ကို မဲဆန္ဒပြုဆက်လက်ရွေးချယ်ကြသည်။

ယခုရွေးချယ်ပွဲသို့ ယာဉ်အသင်းများ၊ ယာဉ်ပိုင်ရှင်များ ၅၇ ဦး တက်ရောက်ခဲ့ပြီး ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အဖွဲ့ဝင်ကော်မတီဝင် ငါးဦးအား ရွေးချယ်ခဲ့ကြောင်း သိရသည်။

ကိုတွတ်(မြန်/ဆက်)

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား / အမျိုးသမီး)ပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဆုဖလားကို စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားကို မွန်ပြည်နယ်အသင်းတို့ ဆွတ်ခူးရရှိ

**နေပြည်တော် ဩဂုတ် ၇**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသည်။



ဦးစွာ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ (အမျိုးသား) လေးယောက်တွဲအဖွဲ့လိုက် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမစစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယရောဝတီတိုင်းဒေသကြီးအသင်း၊ တတိယ မန္တလေးတိုင်းဒေသကြီးအသင်း၊ သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမစစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယမန္တလေးတိုင်းဒေသကြီးအသင်း၊ လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယမန္တလေးတိုင်းဒေသကြီးအသင်း၊ တတိယရောဝတီတိုင်းဒေသကြီးအသင်း၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ မွန်ပြည်နယ်အသင်း၊ ဒုတိယ ရောဝတီတိုင်းဒေသကြီးအသင်း၊ တတိယ မကွေးတိုင်းဒေသကြီးအသင်း၊ သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယ ရောဝတီတိုင်းဒေသကြီးအသင်း၊ တတိယ မကွေးတိုင်းဒေသကြီးအသင်း၊ လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ မွန်ပြည်နယ်အသင်း၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယ ရောဝတီတိုင်းဒေသကြီးအသင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် မွန်ပြည်နယ်အသင်းတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများကို ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အုပ်ချုပ်/နည်းပြ၊ အားကစားသမား စုစုပေါင်းအင်အား ၃၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ အားကစားဝါသနာရှင် ပရိသတ်များက တစ်ခဲနက်လာရောက်အားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တိုက်ကြီးမြို့နယ်၌ တိုင်းရင်းသားရေးရာအသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်ဆန်းစစ်ခြင်းအစီအစဉ်ကျင်းပ

**တိုက်ကြီး ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် အသိပညာပေးနိုင်ရေး ရည်ရွယ်၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ကြီးမှူးကာ တိုင်းရင်းသားရေးရာအသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်ဆန်းစစ်ခြင်းအစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီက တိုက်ကြီးမြို့နယ် ကျားချောင်းကျေးရွာ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ခင်က တိုင်းရင်းသားအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လဝကမှူး ဦးဇော်ဝင်းမောင်က ပန်းခင်းစီမံချက် (၃) ဖြင့် ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထိုက်က အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးသူငယ်အခွင့်အရေးများ ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ သမဝါယမ ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းထွန်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေမှုကို လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဦးစီးအရာရှိ နန်းကြည်ကြည်ဝင်းက တိုင်းရင်းသားစာပေသင်ကြားပေးသည့် ဆရာ ဆရာမများ ခန့်ထားပေးနေမှုကို လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာပြည်သူများအား ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်မှု စစ်တမ်းကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(မြန်/ဆက်)

# တောင်တွင်းကြီးမြို့နယ်၌ စာအုပ်/စာစောင်ပြပွဲကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၇**

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနမှ စာအုပ်/စာစောင်ပြပွဲကို ယနေ့ နံနက်က အခြေခံပညာအထက်တန်းကျောင်းခွဲ (အ.လ.က-၃) သို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ဝန်ထမ်းများက တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား မြို့နယ်ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ကျောင်းသား ကျောင်းသူ ကလေးသူငယ်များအား စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာအုပ်/စာစောင်များမှတစ်ဆင့် အသိပညာများ တိုးပွားလာစေရန်၊ စာပေဗဟုသုတများ ကြွယ်ဝတိုးတက်လာစေရန် ရည်ရွယ်ပြီး ယခုလိုကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အခက်အခဲအမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် စာပေချစ်မြတ်နိုးသူဝါသနာရှင်များနှင့် အလုပ်တာဝန်များဖြင့် မအားလပ်၍ မလာရောက်နိုင်သူများအတွက် Mobile Library စနစ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

နောင်နောင် (ဗိသနိုးမြေ)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု စံပြမိခင်ဆုချီးမြှင့်

**အင်္ဂပူ ဩဂုတ် ၇**

အင်္ဂပူမြို့၌ ၂၀၂၅ ခုနှစ် အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ် (ပထမ ပတ်)၊ မိခင်နို့စနစ်တကျ တိုက်ကျွေးရေးရက်သတ္တပတ်လှုပ်ရှားမှု၊ စံပြမိခင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာဌေးက အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှု ဆောင်ရွက်ချက်များကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အေးပပစိုးရီက မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီး ဌာနမှူးနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌတို့က ကလေးများ မိခင်နို့ စနစ်တကျ တိုက်ကျွေးနေမှုများကို ကြည့်ရှုစစ်ဆေး အကဲဖြတ် အမှတ်ပေးခဲ့သည်။ ဆုပေးပွဲ အခမ်းအနား ဆက်လက်ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူးနှင့် မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဆုရရှိကြသော မိခင်များအား စံပြမိခင်ဆုများ ပေးအပ်ချီးမြှင့် သည်။ **မြို့နယ်(ပြန်/ဆက်)**

## မောက်မယ်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**မောက်မယ် ဩဂုတ် ၇**

မောက်မယ်မြို့နယ်၌ ဒေသခံလူငယ်လူရွယ် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်နှင့် စာကြည့်တိုက်နှင့် ရင်းနှီး ကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ၊ နံရံကပ် စာစောင်၊ ဓာတ်ပုံနှင့်စာအုပ်ပြပွဲအခမ်းအနားကို ယမန်နေ့က ပြုလုပ် သည်။



နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူ ထမ်းဆောင်ကြရမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်လာစေရန် လိုက်နာကျင့်သုံး ရမည့် ပြည်သူ့နီတိကျင့်ထုံးများ၊ ပြုမူကျင့်သုံးလိုက်နာရမည့်ဂါရဝတ ရား၊ နိဝါတတရားများ၊ ဆင်ခြင်တုံတရား၊ ကိုယ်ချင်းစာတရား စသည့် ကိုယ်နှုတ်စိတ်သုံးပါးမှ ပြုမူနေထိုင်ကျင့်ကြံရမည့်အကြောင်းအရာ များနှင့်စပ်လျဉ်း၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက အသိပညာပေးဟောပြောသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## ကိုယ်ကာယကြံ့ခိုင်မှုအေရိုးဗစ်(အခြေခံနှင့်အဆင့်မြင့်) သင်တန်းဆင်း

**ကျောက်ပန်းတောင်း ဩဂုတ် ၇**

ကျောက်ပန်းတောင်း မြို့နယ် အားကစားနှင့် ကာယပညာဦးစီး ဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ ပူးပေါင်းဖွင့်လှစ်သည့် ကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ် (အခြေခံနှင့် အဆင့်မြင့်) သင်တန်း ဆင်းပွဲကို ယမန်နေ့က ဈေးကွက် သစ်ရပ်ကွက်ရှိ မြို့နယ်အားကစား ခန်းမ၌ ပြုလုပ်သည်။

အဆိုပါသင်တန်းများကို ခရိုင် ပေါင်းစုံ ကိုယ်ကာယ ကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲများတွင် ခရိုင် ကိုယ်စားပြု အဆင့်မီစွာဝင်ရောက် ယှဉ်ပြိုင်နိုင်စေရန်နှင့် အခြေခံ ပညာကျောင်းများ၌ အေရိုးဗစ် အားကစားနည်း ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ခရိုင်အားကစားနှင့် ကာယပညာ



ဦးစီးဌာန ဦးစီးမှူး ဒေါ်ညိုညို ထွေးက ပြောကြားပြီး သင်တန်း သူများက အဖွဲ့လိုက် ကပြကြ သည်။

သင်တန်းကို အ.ထ.က(၁)၊ အ.ထ.က(၂)၊ မြို့ရှေ့ အ.ထ.က နှင့် လေးရွာ အ.ထ.က တို့မှ ကျောင်းသူများက အခြေခံ သင်တန်းသူ ၂၉ ဦး၊ အဆင့်မြင့် သင်တန်းသူ ၃၀ စုစုပေါင်း ၅၉ ဦးဖြင့် သင်တန်းကာလမှာ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၆ ရက် အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရ သည်။

**နေအောင်(ပြန်/ဆက်)**

## ယာဉ်အန္တရာယ်ကင်းရှင်းစေရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကော့ကရိတ် ဩဂုတ် ၇**

ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်တိုက်မှုများ လျော့နည်း ပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ



ပညာပေးစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့မဈေးကြီး ရှေ့၌ ဆောင်ရွက်သည်။

အဆိုပါ ယာဉ်များစစ်ဆေးဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ်အုပ်ချုပ် ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး အမှတ် (၇၁) ယာဉ်ထိန်းတပ်ဖွဲ့စု ဒုရဲမှူးကျော်လင်းဦးက ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်ထားသည့် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် မော်တော် ယာဉ် စီမံခန့်ခွဲမှုဥပဒေများကို ယာဉ်မောင်းနှင်သူပြည်သူများအား သိရှိလိုက်နာနိုင်စေရေးအတွက် အသိပညာပေးဟောပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်၌ စက်ချုပ်နည်းပညာမွမ်းမံသင်တန်း ဖွင့်လှစ်

**ဆီဆိုင် ဩဂုတ် ၇**

ဆီဆိုင်မြို့နယ်၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းပါ အမျိုးသမီးများ အတွက် ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့် လုပ်ငန်းအတွက် စက်ချုပ်နည်းပညာမွမ်းမံ သင်တန်းကို ယမန်နေ့က မြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပြုလုပ် သည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီး ဌာန ဒေသဦးစီးမှူး ဦးဝင်းကျော်မျိုးက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောမောင်ဖွေက သင်တန်း သူများအား ကုန်ချောပစ္စည်းများကို ပေးအပ် သည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၁၁ ဦး တက်ရောက်ကြကာ သင်တန်းကို ဩဂုတ် ၆ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဩဂုတ် ၇**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ဘာသာပြန်(သုတ)၊ ပထမဆုရ **"ဒီပံလင်း"** ရေးသားသည့် **"ကပ်ရောဂါဘေးကင်းစေရေး"** စာအုပ်ကို ၂၀၂၅ ခုနှစ် ဩဂုတ်လအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များ ထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များ သည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ် အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေ ဗိမာန် စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန် မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင် ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မြို့သစ် ဩဂုတ် ၇**

မြို့သစ်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းစေရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေ ရေးနှင့် ရသင့်ရထိုက်သော ဓာတ်အားခများ မှန်မှန်ကန်ကန်ရရှိရေး အတွက် ယမန်နေ့က မြို့ပေါ်ရပ်ကွက်များသို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး လျှပ်စစ် အင်ဂျင်နီယာရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးဇော်နှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမြတ်ကိုကို ဦးဆောင်သည့် မီတာစစ်ဆေးရေး အဖွဲ့က လူနေအိမ်များ၊ အလုပ်ရုံများ၊ ဈေးဆိုင်ခန်းများသို့ သွားရောက်၍ မီတာများ လိုက်လံစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်ဇော်(ပြန်/ဆက်)**



## စာသင်ကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်

**ပေါင်းတည် ဩဂုတ် ၇**

ပေါင်းတည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မူလတန်းကျောင်း များ၌ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ် နှိမ်နင်းမှုများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ယမန်နေ့က ကျောင်းကျန်းမာရေး တာဝန်ခံ ဒေါက်တာကျော်သူရထွန်းနှင့် ကျန်းမာရေးမှူးများ ဦးဆောင် သောအဖွဲ့သည် မြို့ပေါ်မူလတန်းကျောင်း လေးကျောင်း၊ ဘုန်းတော်ကြီး သင် မူလတန်းကျောင်း တစ်ကျောင်းနှင့် ကျောင်းဝန်းကျင် လူနေ အိမ်ခြံဝင်းများ၌ ဖုံးသွန်လဲစစ်နှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများအား သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် Biometric UID အချက်အလက်အား ကွင်းဆင်းဆောင်ရွက်

**ကျိုင်းတုံ ဩဂုတ် ၇**

ကျိုင်းတုံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ



ဝန်ထမ်းများသည် ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်းနှင့် Biometric UID အချက်အလက်အား တစ်ပါတည်း ကောက်ယူဆောင်ရွက်ခြင်း လုပ်ငန်းကို ယမန်နေ့က ကျိုင်းတုံမြို့ ဇေတဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးရာတွင် အသက် ၁၆ နှစ်နှင့် အသက် ၁၈ နှစ်ကြား ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် ဇေတဝန်ကျောင်းရှိ ကျောင်းသားကျောင်းသူများအား မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မောက်မယ်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**မောက်မယ် ဩဂုတ် ၇**

မောက်မယ်မြို့နယ်၌ လူငယ်များဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားလာစေရန်၊ ကိုယ်ရည်ကိုယ်သွေးများနှင့် နှုတ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ရင့်သန်လာစေရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် "လူငယ်စကားဝိုင်း " ကို ယနေ့နံနက်ပိုင်းက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(ဈေးတန်း)၌ ပြုလုပ်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဝိုဆိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## ဇီးကုန်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ဇီးကုန်း ဩဂုတ် ၇**

ဇီးကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက အထက (မယင်းလက်ပံခုံ) ကျောင်း၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် အထက (မယင်းလက်ပံခုံ) ကျောင်းအုပ်ဆရာကြီး ဦးဝင်းထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာဗဟုသုတ တိုးပွားစေရန်၊ နှုတ်မှုစွမ်းရည်ထက်မြက်စေရန်၊ လူငယ်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ အသိပညာဗဟုသုတကြွယ်ဝဖို့ စာအုပ်စာပေဖတ်ကြစို့၊ လူကုန်ကူးမှုပပျောက်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**



## ပခုက္ကူမြို့၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား စားသုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ပခုက္ကူ ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ပင်စင်လစာလာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား စားသုံးဆီများသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် ပခုက္ကူခရိုင် ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းက ပခုက္ကူမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ပင်စင်လစာများ လာရောက်ထုတ်ယူကြသည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ၃၈၀ ကျော်တို့အား ဩဂုတ် ၃ရက်မှ ၆ ရက်အထိ တစ်ဦးလျှင် စားသုံးဆီ နှစ်ပိဿာစီကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်နှင့် အသိပညာပေးဟောပြော



**ကျောက်တလုံးကြီး ဩဂုတ် ၇**

ကျောက်တလုံးကြီးမြို့၌ ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အဖြစ် ဟောပြောပွဲ၊ စာစီစာကုံး၊ ဉာဏစွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်တလုံးကြီးမြို့ ဦးစီးမှူး ဒေါ်သန္တာဝင်းက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အကြောင်း သိမှတ်ဖွယ်ရာများ၊ လူငယ်များဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို အသိပညာပေးဟောပြောသည်။

**ဇော်နိုင်လင်း**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြော

**ကန့်ဘလူ ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ထာဝရခန်းမ၌ ကျောင်းသား ကျောင်းသူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက်က ကျင်းပသည်။



ဦးစွာ အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်မင်းမင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန တောအုပ် ဦးထွန်းနောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အပင်စိုက်ပျိုး ပြုစုထိန်းသိမ်းရေးအကြောင်းကို လည်းကောင်း၊ တောအုပ် ဦးအောင်မျိုးသန့်က ရေချိုသယံဇာတ အရင်းအမြစ်ထိန်းသိမ်းရေး အကြောင်းကို လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မျိုးထက်က လူငယ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍနှင့် ဒုတိယဦးစီးမှူး ဒေါ်မွန်မွန်သော်က အမျိုးသမီးနှင့် ပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍ သိကောင်းစရာများကို အသိပညာပေး ဟောပြောဆွေးနွေးကြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား အိမ်တိုင်ရာရောက် UID နံပါတ်ထုတ်ပေး

**ကြို့ပင်ကောက် ဩဂုတ် ၇**

ကြို့ပင်ကောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များနှင့် Bio-metric စာရင်းကောက်ယူ၍ UID နံပါတ်ထုတ်ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးမကောင်းသော နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား အိမ်အရောက် Biometric စာရင်းကောက်ယူ၍ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို ယမန်နေ့ကစက်တိုင်ကုန်းရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေးမကောင်း၍ သွားလာရေးခက်ခဲသော ပင်စင်စား နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric စာရင်းကောက်ယူပြီး UID နံပါတ်ထုတ်ပေးနိုင်ရေးအတွက် အိမ်အရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက မိမိတို့ရပ်ကွက် ကျေးရွာများအတွင်း သွားလာရေးခက်ခဲပြီး ကျန်းမာရေးမကောင်းသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား စာရင်းကောက်ယူ၍ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ဆက်သွယ်ကာ UID နံပါတ်ထုတ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

# ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

ဝါခေါင်လသည် မြန်မာလ တစ်ဆယ့်နှစ်လတွင် ပဉ္စမမြောက်လဖြစ်သည်။ မိုးဥတုတွင်ပါဝင်ပြီး ဝါခေါင်လကို ရှေးအခါက “နံကာလ”ဟုလည်း ခေါ်ကြသည်။ ပုဂံခေတ်ကျောက်စာများတွင် ဝါခေါင်လဟူ၍လည်းကောင်း၊ နံကာလဟူ၍လည်းကောင်း မြန်မာစာအရေးအသားများတွင် နှစ်မျိုးစလုံး တွေ့ရှိရသည်။ နံကာလ၏ အနက်အဓိပ္ပာယ်မှာ လယ်လုပ်ချိန်၊ လယ်ထွန်ချိန်၊ စိုက်ပျိုးချိန်နှင့် လယ်လုပ်သည့်လ၊ လယ်ထွန်သည့်လ၊ စိုက်ပျိုးသည့်လဟု အဓိပ္ပာယ်ရသည်။ တောင်သူလယ်သမားဦးကြီးများသည် လုပ်ငန်းခွင်တွင် ထွန်ယက်စိုက်ပျိုးသည့်လလည်းဖြစ်သည်။

ဇေယျာနိုင်(ရွှေကန်မြေ)



**စာရေးတံပွဲသဘင် ဆင်ယင်ကျင်းပ**

ဇေဒင်အခေါ်အဝေါ်အားဖြင့် ဝါခေါင်လကို သိဟ်ရာသီဟု ခေါ်သည်။ ထိုရာသီတွင် သရဝဏ်နက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်ကာ မွန်းတည့်ပြီး ပုသျှနက္ခတ်နှင့် နေမင်းတို့ ယှဉ်ပြိုင်ကြသည်။ ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်၍ ရာသီပန်းမှာ ခတ္တာပန်းနှင့် ရင်းမာပန်းတို့ ပွင့်လန်းသည့် ရာသီလည်းဖြစ်သည်။ ဝါခေါင်လတွင် ရှေးမြန်မာမင်းများ ရှိစဉ်အခါက ရာသီပွဲတော်အဖြစ် စာရေးတံပွဲသဘင်ကို ဆင်ယင်ကျင်းပလေ့ရှိသည်။ ဝါခေါင်လမှာ ရက်မစုံကွယ်သောလ ဖြစ်သောကြောင့် ရက်ပေါင်း ၂၉ ရက်ရှိသဖြင့် ကြာသပတေး၊ စနေမှာ ပြဿဒါးဖြစ်ပြီး ဗုဒ္ဓဟူး၊ သောကြာမှာ ရက်ရာဇာများ ဖြစ်ကြသည်။

**ဝါဆိုဝါကပ်တော်မူသည့်လ**

“ဝါဆိုဝါခေါင် ရေဖောင်ဖောင်”ဟူသော ဆိုရိုးစကားနှင့်အညီ ဝါခေါင်လသည် မိုးဖြိုင်ဖြိုင်ရွာသွန်းလျက်ရှိသောလဖြစ်သည်။ ဝါခေါင်လတွင် မိုးရေကအေး မြစ်ပြင်တွင် ရေများဖွေးနေပြီး ကောက်ပင်များက မြရောင်စိမ်း၍ လေလာတိုင်း ယိမ်းနွဲ့ကာ လယ်တောသူတို့၏ တေးသံနှင့် နရီစည်းချက် ညီနေပေတော့သည်။ ဝါခေါင်လတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တပည့်သား ရဟန်းသံဃာတော်များကို ဝါဆိုဝါကပ်တော်မူကြလေသည်။ ဝါတွင်းကာလဖြစ်၍ ရဟန်းသံဃာတော်များ ရပ်ဝေးခရီး ကြွတော်မမူရသည့်အတွက် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဆရာတော်၊ သံဃာတော်များကို ချဉ်းကပ်ကာ နိဗ္ဗာန်ရောက်ကြောင်း တရားထူး၊ တရားမြတ်များကို နာယူမှတ်သားလေ့ရှိကြသည်။

❂ ဝါခေါင်လတွင် မိုးရေကအေး မြစ်ပြင်တွင် ရေများဖွေးနေပြီး ကောက်ပင်များက မြရောင်စိမ်း၍ လေလာတိုင်းယိမ်းနွဲ့ကာ လယ်တောသူတို့၏ တေးသံနှင့်နရီစည်းချက် ညီနေပေတော့သည်။ ဝါခေါင်လတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တပည့်သား ရဟန်းသံဃာတော်များကို ဝါဆို ဝါကပ်တော်မူကြလေသည်။ ဝါတွင်းကာလဖြစ်၍ ရဟန်းသံဃာတော်များ ရပ်ဝေးခရီး ကြွတော်မမူရသည့်အတွက် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဆရာတော်၊ သံဃာတော်များကို ချဉ်းကပ်ကာ နိဗ္ဗာန်ရောက်ကြောင်း တရားထူး၊ တရားမြတ်များကို နာယူမှတ်သားလေ့ရှိကြ

**ရဟန်းသံဃာတော်များ ကမ္မဋ္ဌာန်းတရား အားထုတ်ကြ**

ဝါခေါင်လပြည့်နေ့၏ ထူးမြတ်ပုံမှာ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းသံဃာ ငါးရာတို့က ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရား နာယူခဲ့ကြပြီး တရားတော်များ ပွားများအားထုတ်ကြရန် သာဝတ္ထိပြည်မှ တစ်ယူဇနာဝေးသော တောအုပ်တစ်ခုရှိ သစ်တစ်ပင်စီ၏ အောက်တွင် ကမ္မဋ္ဌာန်းတရား အားထုတ်ကြသည်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် ရုက္ခစိုးနတ်များ မနေနိုင်ကြတော့ဘဲ ကြောက်မက်ဖွယ်ကောင်းသော အဆင်း၊ အသံ၊ စက်ဆုပ်ဖွယ်ကောင်းသော အနံ့တို့ဖြင့် ခြောက်လှန့်ကြတော့သည်။

**မေတ္တသုတ်တရားတော်ကို ဟောကြား**

ရဟန်းတော်များက မြတ်စွာဘုရားထံ လျှောက်ထားကြရာ ဘုရားရှင်က ရဟန်းတော်ငါးရာနှင့်အတူ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အား မေတ္တသုတ်တရားတော်ကို ဟောကြားတော်မူကာ ရဟန်းတော်များနှင့် သင့်တော်မည့် မူလအားထုတ်ရာအရပ်သို့ ပြန်စေ၍ တရားတော်ကို ပွားများစေသည်။ မေတ္တသုတ်တရားတော်၏ အာနုဘော်ကြောင့် နှောင့်ယှက်ရန်မူခြင်း မပြုကြတော့သည့်အပြင် တံမြက်လှည်းခြင်း၊ သောက်သုံးရေတည်ခြင်းစသော ဝေယျာဝစ္စများကိုပင် ကူညီဆောင်ရွက်ပေးကြလေသည်။ ရဟန်းတော်များလည်း တရားဓမ္မများကို အေးချမ်းစွာ ကျင့်ကြံပွားများကြ၍ ဝါမကျွတ်ခင် ရဟန်းကိစ္စပြီးမြောက်ကြလေသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်ငါးရာကို အကြောင်းပြု၍ မေတ္တသုတ်တရားတော် ဟောကြားတော်မူသော ဝါခေါင်လပြည့်နေ့ကို “**မေတ္တာအခါတော်နေ့**”ဟု ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။

ဝါခေါင်လပြည့်နေ့တွင် စာရေးတံပွဲများ ပြုလုပ်လှူဒါန်းခြင်း၊ မေတ္တသုတ်တရားတော်များ ပွားများရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ ပန်းများကပ်လှူပူဇော်ပြီး တစ်ဦးနှင့်တစ်ဦး မေတ္တာထားကာ ဆက်ဆံကြခြင်းဖြင့် အရာရာအောင်မြင်ပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

## သက်ကြီးဘိုးဘွားများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်

ပဲခူး ဩဂုတ် ၇

ပဲခူးခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ယမန်နေ့က ပဲခူးမြို့ပေါ်ရပ်ကွက်များအတွင်းရှိ သက်ကြီးဘိုးဘွားများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ဦးစွာ ခရိုင်ဦးစီးမှူး ဒေါ်ဝင်းဖြူဖြူနှင့် မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ပဲခူးမြို့ မြို့သစ်(၄)ရပ်ကွက်ရှိ အသက်(၉၆)နှစ်အရွယ် အဘွားဒေါ်စောအား နိုင်ငံသားစိစစ်ရေးကတ် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် နန်းတော်ရာရပ်ကွက် ဆံတော်တွင်းလမ်းတွင် နေထိုင်သော အသက်(၇၃)နှစ်အရွယ် သက်ကြီးပင်စင် ဆရာမကြီး ဒေါ်သန်းဆင့်၊ အသက်(၈၆)နှစ် ဒေါ်သိန်းရီနှင့် အသက်(၈၃)နှစ် ဒေါ်ဥတင်တို့အား UID ကတ်များကို အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သက်ထက်



## သံဖြူဇရပ်မြို့နယ်၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

သံဖြူဇရပ် ဩဂုတ် ၇

သံဖြူဇရပ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဆောင်ပြီး မြို့နယ်တာဝန်ခံနှင့်ဝန်ထမ်းများသည် ဩဂုတ် ၃ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်လမ်း တစ်လမ်း၊ ကတ္တရာလမ်း လေးလမ်း၊ ရေထုတ်ပြွန် ၁၃ စင်းတို့ကို ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တောင်ကြီးမြို့နယ်သမဝါယမအသင်းစုလီမိတက် အမှုဆောင်သစ်ရွေးချယ်

တောင်ကြီး ဩဂုတ် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က တောင်ကြီးမြို့နယ်စန်းစန်းခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးက အမှာစကား ပြောကြားသည်။



ထို့နောက် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်အဖွဲ့က လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် အတည်ပြုချက်ရယူ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အမှုဆောင်သစ် ရွေးချယ်ပွဲအခမ်းအနားကို ပြုလုပ်ရာ သဘာပတိအဖြစ် ပြည်နယ်အဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးစီးမှူး ဦးကျော်မိုးတင့်က ဆောင်ရွက်ပြီး အမှုဆောင်သစ် ရွေးချယ်ရာတွင် အသင်းဝင်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားအရ ရွေးချယ်ခဲ့ကာ တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်
မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

KBZ BANK KBZ Pay KBZ GROUP

# Esports World Cup 2025

# World Cup Champion

# (Myanmar)

# မြန်မာ့ဂုဏ်ဆောင်ကမ္ဘာ့ချန်ပီယံ

# “Yangon Galacticos”

# Congratulations!

## (အထူးဂုဏ်ယူဝမ်းမြောက်ခြင်း)

ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော **Esports World Cup 2025** ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် **Yangon Galacticos** အသင်းမှ အမြင့်ဆုံးကမ္ဘာ့ချန်ပီယံ **(World Champion)** ဆုကို နိုင်ငံ့ဂုဏ်ဆောင် ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့်အတွက်

**Main Sponsor - KBZPay ၊ KBZ Bank/KBZ Group** တို့မှ

အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

## စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ၊ ပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ စိုက်ပျိုးရေးဒီပလိုမာသင်တန်း တက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီးမော့ဆို၊ ဘားအံ၊ လုံပီး၊ ကျောက်တော်၊ ဟုမ္မလင်း) တို့တွင် လျှောက်ထားနိုင်ပြီး မွေးမြူရေးဒီပလိုမာသင်တန်း တက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား၊ ပုသိမ်ကြီး၊ ဟဲဟိုး၊ ပွင့်ဖြူ၊ သာယာဝတီ၊ သထုံ၊ မြစ်ကြီးနား၊ ဘားအံ၊ မြောင်းမြ)တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းများ၏ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ် ပေးအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာ ထူးချွန်စွာအောင်မြင်သူသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့လည်းကောင်း၊ မွေးမြူရေးဒီပလိုမာ ထူးချွန်စွာ အောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (B.A.Sc) သင်တန်းသို့လည်းကောင်း တက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည် ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) **စိုက်ပျိုးရေးဒီပလိုမာသင်တန်းကို** တက္ကသိုလ်ဝင်စာမေးပွဲတွင် **ဓာတုဗေဒ၊ ရူပဗေဒ** ဘာသာရပ်များ ပါဝင်သည့် မည်သည့် ဘာသာတွဲ များဖြင့်ဖြစ်စေ အောင်မြင်သူများလျှောက်ထားနိုင်ပြီး တက္ကသိုလ်ဝင်တန်းကို အခြေခံပညာအထက်တန်း KG+12 ဖြင့် အောင်မြင်သူများအား ဦးစားပေးရွေးချယ်မည်။

(ဂ) **မွေးမြူရေးဒီပလိုမာသင်တန်းကို** တက္ကသိုလ်ဝင်စာမေးပွဲတွင် **ဇီဝဗေဒဘာသာတွဲ** ဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်ပြီး တက္ကသိုလ်ဝင်တန်းကို အခြေခံပညာအထက်တန်း KG+12 ဖြင့် အောင်မြင်သူများအား ဦးစားပေးရွေးချယ်မည်။

(ဃ) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်ဖြစ်စေ အောင်မြင်သူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ဟုမ္မလင်း)တွင် ဖွင့်လှစ်မည့် စိုက်ပျိုးရေးဒီပလိုမာ၊ ပထမနှစ်သင်တန်းသို့ လျှောက်ထားနိုင်သည်။ (လျှောက်ထားသူသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဒေသခံ ဖြစ်ရပါမည်။)

(င) လျှောက်လွှာပိတ်ရက် (၂၅-၉-၂၀၂၅) ရက်တွင် အသက် (၂၂)နှစ်ထက် မကြီးသူ ဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး ထောက်ခံချက် (မူရင်း)

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် ကျန်းမာရေးကောင်းမွန်ကြောင်း ဆရာဝန်၏ ထောက်ခံချက်

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း(သို့) ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက် (မူရင်း)

(င) လျှောက်ထားသူနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား(မိတ္တူ)

(စ) လိုင်စင်ဓာတ်ပုံ (နောက်ခံအပြာရောင်ဖြင့်) (၅)ပုံ

၅။ လျှောက်လွှာများကို မိမိတက်ရောက်လိုသော စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသို့ (၂၅-၉-၂၀၂၅)ရက်ထက် နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသောလျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ဝင်ခွင့်လျှောက်လွှာများကို အထက်ဖော်ပြပါ နီးစပ်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများတွင် အခမဲ့ရယူ လျှောက်ထားနိုင်သည်။

၇။ တက်ရောက်ခွင့်ရရှိသူများနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား သက်ဆိုင်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများမှ ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး ဝင်ခွင့်ရရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများတွင်သာ တက်ရောက်ရမည် ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၀၅၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ ဝင်ခွင့်လျှောက်လွှာ**

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| | **အကြောင်းအရာ** | **အမည်** | **နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်** |
|---|---|---|---|
| လျှောက်ထားသူ | မြန်မာ<br>အင်္ဂလိပ် | | |
| ဖခင် | | | |
| မိခင် | | | |
| မိဘကွယ်လွန်ပြီးဖြစ်ပါက အုပ်ထိန်းသူ | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် -------------ခုနှစ်၊ ---------------------------လ၊ -------------- ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုနှစ်/စာစစ်ဌာန ---------------တိုင်းဒေသကြီး/ပြည်နယ် ---------

၄။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် ----------------------------------------------------------------

၅။ လျှောက်ထားလိုသော ဒီပလိုမာသင်တန်းအမည် --------------------------------------------------

၆။ တက်ရောက်လိုသော စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းအမည် --------------------------------

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ ------------------

### ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-7(B) မှ မကြယ်စင်လင်း၏ဖခင် အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးမောင်နိုင် ၁၁/ရဗန(နိုင်)၀၀၆၉၈၂ ဖြစ်ပါကြောင်း။

**ဦးမောင်နိုင်**

### အမည်ပြောင်း

(ဘ) ဦးသန်းနိုင်ဦး၏သား မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-1 မှ မောင်သက်မင်းနိုင်အား မောင်ထက်သီဟအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထက်သီဟအောင်**

### ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင် အထက်တန်း ကျောင်း၊ Grade-11(F)မှ နန့်ချိုဇင်ဖြိုး၏ ဖခင် အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးခဲနဒေ ၆/ဘပန(နိုင်)၀၀၅၃၂၀ ဖြစ်ပါကြောင်း။

**ဦးခဲနဒေ**

### အမည်မှန်

(ဘ)ဦးဝင်းဗိုလ်၏သမီး မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10(G) မှ နန့်ဆုမြတ်ဗိုလ်၏ အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း အရ မဆုမြတ်ဗိုလ် ဖြစ်ပါကြောင်း။

**မဆုမြတ်ဗိုလ်**

### အမည်ပြောင်း

(ဘ)ဦးကျော်ဇေထိုက်၏သမီး၊ မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-10(J)မှ မထူးမြတ်လွင်အား ယနေ့မှစ၍ မနန်းဝါခေါင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနန်းဝါခေါင်**

### ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-11 (F)မှ မလင်းလဲ့လဲ့အောင်၏ဖခင် အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးရဲအောင်အောင် ၆/လလန(နိုင်)၀၇၉၃၇၅ ဖြစ်ပါကြောင်း။

**ဦးရဲအောင်အောင်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ဧရာဝဏ်လမ်း၊ ဧရာချမ်းသာအဆင့်မြင့်ကွန်ဒို၊ တိုက်အမှတ် (၉-အေ)၊ အခန်းအမှတ် (၁၉၆) (၁၇)ထပ်၊ အကျယ်အဝန်း (၁၃၁၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်မြတ် (၁၂/ပဘတ (နိုင်) ၀၂၅၄၃၉) နှင့် ဒေါ်ဝတ်ရည်လှိုင်ကြွယ် (၁၂/ကတတ (နိုင်) ၀၂၅၉၄၂) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးကျော်စိုးဦး** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

### အများသိစေရန် ကြေညာခြင်း

HAYMAN CAPITAL CO., LTD.သည် ယခင် BOD (၄)ဦးဖြင့် လုပ်ငန်းဆောင်ရွက်ခွင့် ရရှိခဲ့ပြီး ယခုအခါ BOD (၃) ဦးဖြစ်သော Mr. HUGO WILLEM MINDERHOUD, Mr. SULTAN MARENOV, Ms. THETA AYE တို့မှာ ၎င်းတို့၏ သဘောဆန္ဒအရ BOD အဖွဲ့မှ နှုတ်ထွက်ခွင့်တင်ပြလာပါသဖြင့် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် နှုတ်ထွက်ခွင့်ပြုပြီး ဖြစ်ပါသဖြင့် ယခုအခါ BOD (၁)ဦးဖြစ်သော Mr. DAVID BRIAN WALKER ဖြင့် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**HAYMAN CAPITAL CO., LTD,**

### ဖခင်အမည်မှန်

တွံတေးမြို့၊ အထက(၂) (မြို့မ) ကျောင်း Grade-12(A)တွင် ပညာသင်ကြားနေသော မောင်ခန့်ကျော်သန့်၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန့်ရှိန် ၁၂/အစန(နိုင်) ၀၁၂၇၂၄ ဖြစ်ပါကြောင်း။

**ဦးမျိုးသန့်ရှိန်**

### ဖခင်အမည်မှန်

တွံတေးမြို့၊ အထက(၂) (မြို့မ) ကျောင်း Grade-6 တွင် ပညာသင်ကြားနေသော မမိုးမြတ်ဟေသီ၏ ဖခင်ဖြစ်သူ ဦးအောင်ပိုင်၏ အမည်မှန်မှာ ဦးမောင်မောင်အေး ၁၂/တတန (နိုင်) ၀၀၁၄၈၇ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်အေး**

### မိခင်အမည်မှန်

တွံတေးမြို့၊ အထက(၂) (မြို့မ) ကျောင်း Grade-12တွင် ပညာသင်ကြားနေသော မသဲပိုပိုအောင်၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းလှ ၁၂/တတန(နိုင်) ၁၈၂၂၅၄ ဖြစ်ပါကြောင်း။

**ဒေါ်သန်းသန်းလှ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသိဒ္ဓိအဝေးပြေး ယာဉ်ရပ်နားစခန်း၊ ပွဲရုံဆိုင်ခန်းအမှတ်(ပ-၈၇၊ ၈၈) ဆိုင်ခန်း အမည်ပေါက် ဦးအောင်သန်းမြင့် ၁၂/ပဘတ(နိုင်) ၀၀၀၇၀၃ အိမ်အမှတ်(၁၁၅)၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ထုတ်ပေးထားသော (ပ-၈၇၊ ၈၈)ပွဲရုံ ခန်းရောင်းချခွင့် ကတ်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပွဲရုံခန်းရောင်းချခွင့်ကတ် (မိတ္တူမှန်)မှတစ်ဆင့် ဆိုင်ခန်းပိုင်ဆိုင်မှု မှတ်တမ်း စာအုပ်မူရင်းများ ထုတ်ယူခွင့်ပြုပါရန် ရပ်ကွက်၊ ရဲစခန်း ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာများဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားလာပါသည်။ အထက်ပါ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ဤကြေညာချက်ထွက်သည့်ရက်မှ (၁၄) ရက် အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်း လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် အထောက်အထား ခိုင်လုံစွာမရှိပါက ပွဲရုံခန်းရောင်းချပိုင်ခွင့်ကတ် (မိတ္တူမှန်) ထုတ်ပေးနိုင်ရေး ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ -၂၂)
### မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၄ နှင့် ဆက်နွှယ်သည့်
### ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၂

| | | |
|---|---|---|
| ဦးကျော်ဘုန်းနိုင် | **နှင့်** | ဒေါ်ထူးခင် |
| **(တရားနိုင်)** | | **(တရားရှုံး)** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာမြို့နယ်၊ (၄)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၂၄၅)နေ တရားရှုံး ဒေါ်ထူးခင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်ရန် ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်ဖုန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ရန်ပြေ၊ မြေကွက် အမှတ်-၂၂၅၊ ဧရိယာ (၂၀' /၁၉' ၆" x ၆၀')၊ မြေကွက်တည်နေရာ အမှတ်(၄၅)၊ မင်းရဲကျော်စွာလမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်လှလှဝင်း(၁၂/ကတတ (နိုင်)၀၀၃၂၅၀) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်စိုးနန္ဒာမောင်မှ တရားလိုပြုလုပ်၍ ဒေါ်လှလှဝင်းအား တရားပြိုင်ထားကာ သာကေတမြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၁၄၃/၂၀၂၄ ဖြင့် ပဋိညာဉ်အတိုင်း အိမ်နှင့် မြေကွက် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်ပေးစေလိုကြောင်း စွဲဆိုခဲ့မှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၀-၃-၂၀၂၅) ရက်စွဲပါ စီရင်ချက် တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၂၆/၂၀၂၅ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၃-၅-၂၀၂၅)ရက်စွဲပါ တရားရုံးနေ့စဉ် တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် တရားရှုံးကိုယ်စားတရားရုံးအရာရှိအဖြစ် ဘီလစ်ဒေါ်မိုးပပမျိုး (၁၂/ဥကတ (နိုင်)၁၄၈၈၅၇)က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တရားရုံးဘီလစ်ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က)၃လမ်း၊ အမှတ်(၂၀၁)၊ ဒုတိယထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၇ပေ x ၅၄ပေ) အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိတရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိုးနိုင် ၁၂/အစန(နိုင်) ၁၃၆၂၉၀ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စန္ဒာအောင် ၁၂/မဂတ(နိုင်)၀၂၂၅၈၅က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းများနှင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၁၇)**
**အမှတ်(၇)၊ မြေညီ(အေ)၊ ကုဿသာယလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့ နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၃၁၁၀၀၅၁၊ ၀၉-၄၄၇၈၅၃၃၀၉**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ မြင်တော်သာလမ်း၊ တိုက်အမှတ်(၁၄၈၃/က+ခ)၏ (၇-လွှာ) အခန်းအမှတ် (၁၄၈၃/ခ)၊ အကျယ်(၁၉ပေ x၅၄ပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည် ဟုဆိုသော ဦးသက်ထွေး ၁၂/ပဇတ(နိုင်)၀၃၈၉၇၆ မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု ရောင်းချသဖြင့် ကျွန်တော်၏မိတ်ဆွေ ဦးမင်းသူရိန် ၁၁/ကဖန(နိုင်)၀၆၄၄၈၆မှလည်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ရာ အထက်ပါကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်ပါက တိုက်ခန်းအပြီးအပိုင်ဝယ်ယူခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းသူရိန်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ဇော(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၃၈)**
**အမှတ်-၈၅၈၊ သရေခေတ္တရာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၀၂၆၅၈၅၄**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြေကွက်အမှတ် (၁၃၉)၊ (၂၄၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာ-အမှတ်(၁၃၉)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ ဦးကျော်နိုင် (၁၂/ဥကမ(နိုင်)၀၄၀၀၃၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ်-၉၁/၁၁-၇-၂၀၂၄၊ တရားမဇာရီမှုအမှတ်-၁၉၂/ ၁၃-၁၁-၂၀၂၄၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၃၃၂၄/၂၀-၅-၂၀၂၅ တို့အရ မြေအကျယ်အဝန်း (၄၀ x ၆၀)ပေအနက်မှ မြေကွက်၏ထက်ဝက်၊ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏တောင်ဘက်(ခေါင်းရင်း၊ လမ်းကြား ဘက်ခြမ်း)၊ အကျယ်အဝန်း (၂၀ x ၆၀)ပေအားရရှိသူ ဒေါ်မြသူဇာ(၁၂/ဥကမ(နိုင်)၁၄၈၈၇၉)မှ တရားရုံးအမိန့်၊ အရောင်းအဝယ်စာချုပ်၊ ဂရန်မူရင်း၊ ဝင်စာအမှတ်-၇၅၁၇/၁၇-၇-၂၀၂၅ ရက်စွဲဖြင့် မိမိပိုင်ဆိုင်သည့် ခေါင်းရင်းဘက်ခြမ်း (၂၀ x ၆၀)ပေနှင့် ပတ်သက်၍ တစ်ဖက်သတ် မြေကွက်ခွဲစိတ်မြေတိုင်းခွင့်ပြုပါရန်တင်ပြ၍ မြေတိုင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/66829, Honda Wave I110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကေခိုင်ဇင် ၃/ဘအန (နိုင်) ၂၆၃၂၄၃ က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**(ဘားအံ)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/39055, Honda Dream 125ယာဉ်လက်ဝယ်ရှိသူ စခန့်အောင်ပြည့် ၁၄/ဟသတ (နိုင်)၃၆၈၆၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/3367, Toyota Lexus USF40 S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးညီညီထွန်း ၁၂/ဥကတ (နိုင်)၁၁၉၈၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/2994, ISUZU D Max, Pick Up(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစောကျော်သက် ၁၄/ပသန(နိုင်)၁၇၁၇၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄ ကရင်ပြည်နယ်တရားလွှတ်တော် ၂၀၂၅ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၉

ဒေါ်နန်းမြအေး နှင့်
၁။ ဒေါ်နန်းစမ်းစမ်းအေး
၂။ ဒေါ်နန်းထားထားအေး
၃။ ဒေါ်ချိုချိုသန်း
၄။ ဒေါ်နန်းခင်ကြည်
(ကွယ်လွန်သူ ဗိုလ်ကြီး စောသောင်းရွှေ(ငြိမ်း)၏ တရားဝင်ကိုယ်စားလှယ်)
၅။ ဦးစောဌွေးအောင်
၆။ ဒေါ်နန်းတင်ဇာဖြိုးဝေ

(အယူခံတရားလို) (အယူခံတရားပြိုင်များ)

၂၀၂၅ခုနှစ်၊ ဧပြီလ ၂၂ရက်စွဲပါ ဘားအံခရိုင်တရားရုံးတော်၏ တရားမကြီးမှုအမှတ် ၃၇/၂၀၂၀၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင် (၅)ဦးစောဌွေးအောင်၊ ဖါသိမ်ကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်(ယခုနေရပ်လိပ်စာမသိသူ) နှင့် အယူခံတရားပြိုင်(၆) ဒေါ်နန်းတင်ဇာဖြိုးဝေ၊ ဖါသိမ်ကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ဘားအံခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို ဒေါ်နန်းမြအေး က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤအယူခံမှုကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ရက်၊ (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်သန္တာညွန့်)
လက်ထောက်ညွှန်ကြားရေးမှူး
ကရင်ပြည်နယ်တရားလွှတ်တော်

## ဖခင်အမည်မှန်

ပုသိမ်မြို့၊ အမှတ် (၁၀)၊ အခြေခံပညာအထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မရွှန်းလက်အိမ် ကျောင်းဝင်အမှတ် (၀၂၉၄)၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်မြင့် ၁၄/ပသရ(နိုင်)၀၇၂၀၀၅ ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်မြင့်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက(၁) Grade-12မှ မောင်ဇော်နိုင်ဝင်း၏ ဖခင် ဦးမိုးနိုင် ၁/ရကန(နိုင်) ၀၃၈၀၈၀ (ခ)ဦးဖိုးနိုင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အထက (၁)မအူပင် Grade-12(E)မှ စောနိုင်အောင် Grade-10(F)မှ နော်မေသဇင်နှင့် နော်သန်းသန်းထက်တို့၏ ဖခင်အမည်မှန်မှာ စောသိန်းဦး ၁၄/မအပ(နိုင်)၀၇၁၃၅၃ ဖြစ်ပါကြောင်း။

စောသိန်းဦး

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမောင်သန်းစိန်၏ သားဖြစ်သူ ကိုကျော်ဇေဟိန်းနှင့် ကိုမြတ်မင်းဇံ ၁၁/စတန(နိုင်) ၁၂၄၇၅၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ကိုကျော်ဇေဟိန်း(ခ)
ကိုမြတ်မင်းဇံ

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၈၂-က)၊ တရုပ်စု အကွက်၊ ဦးပိုင်အမှတ်(၇-ခ)၊ ဧရိယာ(၀ဒသမ၀၁၇)ဧကရှိ ဦးညွန့်သန်းအမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၆၁)နေ ဦးသီဟ၊ ဦးအောင်ဇေယျ၊ ဦးအောင်ဗလ၊ ဒေါ်ရူပစန္ဒာတို့မှ ဘိုးဘပိုင် မြေအမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၁/ခ)၊ အိုးဘိုတန်းအကွက်၊ ဦးပိုင်အမှတ်(၄၉-င)၊ ဧရိယာ (၀.၀၁၇)ဧကရှိ ဒေါ်ယဉ်ယဉ်မျိုး အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အား/ကာထိုက်ခန်းနေ ဦးမောင်မောင်ကျော်မှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲ မှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ပြည်ကြီးတံခွန်မြို့နယ်တရားရုံး ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၀၆

ဒေါ်နန်းသီရိလှိုင် နှင့် ဦးမောင်လှ
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (ဆ-၁/၅၃)၊ မြို့သစ်ရပ်ကွက်နေ ဦးမောင်လှ (ဘ)ဦးပြား (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးမောင်လှ သင့်အပေါ်၌ တရားလို ဒေါ်နန်းသီရိလှိုင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၁၅)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဦးမောင်လှ အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထု ချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးမင်းထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## အမည်မှန်

(ဘ)ဦးနိုင်ဝင်းထွန်း ၆/မဂဒ(နိုင်)၁၂၆၉၀၉ ၏သမီး၊ ပုလောမြို့၊ အထက (၂)၊ ပုလော Grade-8 မှ မခိုင်စံပယ်ဖူး၏ အမည်မှန်မှာ မခိုင်စပါယ်ဖူး ဖြစ်ပါကြောင်း။

မခိုင်စပါယ်ဖူး

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ အင်္ဂမော်ကျေးရွာ အုပ်စု၊ ကန်သာယာကျေးရွာနေ (ဘ)ဦးထွန်းဟန်၏ သမီး ဒေါ်ဌွေးမူ ၆/မအရ(နိုင်) ၀၅၃၁၅၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၂-၁၉၆၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၇၂၅၅, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်းလဲ့လဲ့ချို ၆/မမန(နိုင်) ၂၈၃၄၂၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၇၂၁၉၉, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်ဦး ၆/မမန(နိုင်) ၁၂၇၄၀၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ ၁၄ လမ်း၊ အမှတ်၁၄၇/က ဂရန်မြေ ပေါ်တွင်ဆောက်လုပ်ထားသော ၆ ထပ်တိုက်၏ ဒုတိယထပ်(တတိယလွှာ)အကျယ်အဝန်း ၁၈ပေx၅၄ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်ခွင့်ရှိပြီး တရားဝင်ရောင်းချခွင့်ရှိသူ ဒေါ်ယုယုဝါ (၇/ကဝန(နိုင်)၀၉၅၂၀၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်ဝင်း(၁၂/မရက(နိုင်)၀၃၆၀၂၃)နှင့် ဒေါ်အေးအေးကြွယ် (၁၂/မရက(နိုင်)၀၃၆၀၂၂)တို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါ က ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ရွှေရည်ထွန်း အထက်တန်းရှေ့နေ (စဉ်-၅၄၃၂၄)**
**အမှတ် ၁၀၀၈၊ အင်းဝလမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၉၅၀၂၈၁၁၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၄၃)၊ ဦးပိုင်အမှတ်(၈၇)၊ဧရိယာ(၀ဒသမ၀၅၅၁)ဧကအကျယ်အဝန်းရှိ မြေကွက်အား ဂရန်အမည်ပေါက်သူ ဗိုလ်ကြီးနေမျိုးလတ် ၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်ကျော်ထွန်းထံမှ ကျွန်တော် ဦးလွေခိုင်ဝမ်မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၁၅-၈-၂၀၂၅)ရက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေး အကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလွေခိုင်ဝမ်**
**အကွက်(င-၁)၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း -၀၉-၂၀၁၄၈၂၃**

## မဟာစည်သာသနာ့ရိပ်သာ၊ ဟိတေသီအဖွဲ့ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

ဟိတေသီအဖွဲ့၏ (၅၅)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဟိတေသီဓမ္မာရုံတော်ကြီး၌ (၁၃၈၇ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၂၄ရက်) (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ အကြံဉာဏ်ပေးစာများ ပေးပို့လိုပါက (၁၆-၈-၂၀၂၅)ရက်(စနေနေ့) နောက်ဆုံးထားပြီး ဟိတေသီအဖွဲ့ အတွင်းရေးမှူးထံ စာဖြင့် ရေးသားပေးပို့ တင်သွင်းရမည် ဖြစ်ပါသည်။

**(အဖွဲ့ဝင်တစ်ဦးချင်းထံသို့ သီးခြားဖိတ်စာမပို့ပါ။)**

**ဟိတေသီအဖွဲ့**
**မဟာစည်သာသနာ့ရိပ်သာ**
**ဖုန်း-၀၁-၉၅၅၅၄၇၂**

## အမည်မှန်

(ဘ)ဦးမြတ်ကျော်ဝင်း၏သား၊ မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း Grade-7(D)မှ မောင်စိုင်းဝေလျှံဖြိုး၏အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ မောင်စိုင်းဝေလျှံဖြိုး ဖြစ်ပါကြောင်း။

မောင်စိုင်းဝေလျှံဖြိုး

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွမ်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း Grade-5(F)မှ မခင်မေကျော့ရှင်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးကျော်ဇောနိုင် ၆/တသရ(နိုင်)၀၄၈၇၁၇ဖြစ်ပါကြောင်း။

ဦးကျော်ဇောနိုင်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ အင်းဝလမ်း၊ မြေကွက်အမှတ် (၁၆၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးလှသိန်း (BQ- ၀၂၄၁၅၅) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးလှမျိုးနိုင် (၈/မကန (နိုင်) ၁၂၈၇၉၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀/သုဝဏ္ဏ)၊ နှင်းဆီဝါလမ်း၊ မြေကွက်အမှတ် (၁၆၄)၊ အကျယ်အဝန်း (၆၀ပေ × ၈၀ပေ)ရှိ ဗိုလ်ကြီးသိန်းဟန် (၁၂/ဗဟန (နိုင်) ၀၂၂၀၃၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁) ဦးဇော်မျိုးဟန် (၁၂/ဗဟန (နိုင်) ၀၃၇၆၉၈)၊ (၂) ဦးအောင်ဟိန်းကျော် (၁၂/သဃက (နိုင်) ၁၉၆၆၉၀) နှင့် (၃) ဦးဘုန်းမြတ်သူ (၁၂/သဃက (နိုင်) ၁၉၈၂၅၉)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ်(၁၄၉၀)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) ရှိ ဦးဝင်းမောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးသန်းထိုက် ၁၀/ကမရ(နိုင်) ၀၅၈၃၆၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၈)**
**အမှတ်(၁၂)၊ ဒုတိယထပ်(ဝဲဘက်)၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈၊ ၀၉-၂၅၄၆၁၇၂၂၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၁၊ မြေကွက်အမှတ် - ၁၅၄၉/ခ၊ ဧရိယာ (၀.၀၂၇၅) ဧကရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၁၅၄၉/ခ) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားလက်ဝယ် အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဆွေဆွေမွန် (၁၂/မဂတ(နိုင်) ၀၅၇၂၁၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးကျော့ဆွေ ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၉၇)**
**ဒေါ်သက်ဆုလွင်မောင် ( LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၆၄)**
**အမှတ်(၅၆၅/၅၆၇)၊ အခန်းအမှတ် (၆၀၃)၊ MAC Tower ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၇၉၉၉၃၄၃၅၃၊ ၀၉-၅၀၀၉၈၉၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နယ်၊ အထက (လေးမိုင်)မှ အထက်တန်းပြ ဆရာမ ဒေါ်ဖြူဇင် ၇/ကကန(နိုင်) ၀၄၈၀၃၄ ၏ ဖခင်အမည် ဦးအုန်းလွင်နှင့် ဦးအုံးလွင် ၇/ကကန(နိုင်) ၀၂၁၉၆၈ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအုန်းလွင်(ခ)ဦးအုံးလွင်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/2495 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## စာအုပ်စာပေ လူ့မိတ်ဆွေ




## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပုသိမ်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁

ဒေါ်တင်မို့မို့လွင် နှင့် ဦးတင်မျိုးဝင်း
**(တရားလို)** **(တရားပြိုင်)**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ တည်ထောင်ရွာ၊ တည်ထောင်ကျေးရွာ အုပ်စုနေ တရားပြိုင် ဦးတင်မျိုးဝင်း (ဘ) ဦးကြည်ဝင်း ( ယခုနေရပ်လိပ်စာ မသိရ) သိစေရမည်။

ယာဉ်အမှတ် 17W/99024 Zong Shen 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝေ ၉/မတရ(နိုင်)၀၉၃၃၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂ )**

**မဟာအောင်မြေခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၇၉ နှင့် ဆက်နွယ်သည့်**

**၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၄၇**

ဦးကိုကိုဦး နှင့် ဒေါ်သဲစုမျိုး
**(တရားနိုင်)** **(တရားရှုံး)**

မန္တလေးမြို့ ၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်၊ ဦးပိုင်(၁၀၃)၊ အကွက်(၂၈၄)နေ ဒေါ်သဲစုမျိုး (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၇၉ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည် ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၊ Grade-5 (B)မှ မအိမ့်ခြူးဟန်သာ ၏ ဖခင်အမည်မှန်မှာ ဦးမျိုးကျော်စန်း ၁၂/ကမရ(နိုင်)၀၄၈၂၉၃ ဖြစ်ပါကြောင်း ။

**ဦးမျိုးကျော်စန်း**

## ပျောက်ဆုံးကြောင်း

မောင်ရိုလိန်ထန် (ဘ) ဦးကယ်ထန်း ၅/ကလထ(နိုင်)၂၈၁၈၉၁၏ Passport သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၄၇၁၄၉၃၉**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ညောင်ဖြူစခမ်းရပ်ကွက်နေ (ဘ) ဦးသိန်းရွှေ၏ သမီး မဇင်ဝင်းထွေး ၁၃/တကန(နိုင်)၄၀၉၆၉၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MJ-048992) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၈၀၃၁၃၆၈**

## အမည်မှန်၊ မွေးသက္ကရာဇ်မှန်

ဖယ်ခုံမြို့၊ လွယ်ပေါကျေးရွာနေ ဦးစိုးလွင်၏သား၊ တောင်ကြီးမြို့၊ အထက(ခွဲ) ထီသိမ်ရွေးကျောင်း၊ Grade-9 မှ မောင်ဝေလင်းဦး၏ အမည်မှန်မှာ မောင်နေလင်းထူး ဖြစ်ပြီး မွေးသက္ကရာဇ်မှန်မှာ ၁၀-၄-၂၀၁၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 14W/60576, Honda Dream ND-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာအောင် ၁၃/တကန(နိုင်)၂၃၄၅၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/8652 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်သူ ၅/မရန(နိုင်)၁၄၁၃၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/70520 Yunde -110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှိုင်းပြည့်စုံ ၅/မရန(နိုင်)၂၉၃၂၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

## အင်္ဂလိပ်အက္ခရာ ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/8610 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/7889 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ် အထကမလက်တိုကျောင်း Grade-12 မှ မောင်အောင်အောင်ဦး ၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၁၄/မအပ(နိုင်)၁၅၀၅၁၇ ဖြစ်ပါကြောင်း။

**ဦးသန်းနိုင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 47W/75008 Stream II-110 ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,ltd မှ (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် အမှတ် ၄၃ယ/၄၆၇၃, HONDA WAVE 110, MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၁၀/ပမန(နိုင်)၂၁၀၄၃၄ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## သုံးဘီးမော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

သုံးဘီးမော်တော်ဆိုင်ကယ်အမှတ် 11U/ 6 7 1 8 , KAMAX 150 A၊ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အေး ၁၀/သထန(နိုင်)၁၄၇၅၇၉ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် KCN/5398 ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းအောင် ၁/ဝမန(နိုင်)၀၄၃၇၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## အမည်မှန်

ဦးရဲထက်နောင် ၇/ပခန(နိုင်) ၂၅၄၉၄၃ ၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနအလင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-3 မှ မနန်းမေလက်ယျာညွှန်း၏ အမည်မှန်မှာ မနန်းမေလက်ျာညွှန်း ဖြစ်ပါကြောင်း။ **မနန်းမေလက်ျာညွှန်း**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၁ယ/၈၃၁၇၇ Honda Draem-125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၈/မကန(နိုင်)၀၄၇၉၀၅ မှ (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကများဖြင့် ကြော်ငြာသည့်ရက်မှ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၅ယ/၈၀၅၇၉, HONDA DREAM (ND 125 M ), MC ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝေ ၁၀/ပမန(နိုင်) ၀၂၃၈၅၃ က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/8030, NISSAN CONDOR MK 25 A , TRUCK (4x2)(R) ယဉ်လက်ဝယ်ရှိသူ ဒေါ်လှသန်းဝေ ၁၀/ကထန(နိုင်) ၀၄၃၈၀၀ က(ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/2884 ယာဉ်လက်ဝယ်ရှိသူ K.M.SS ဗန်းမော်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )**

**ပြင်ဦးလွင်မြို့နယ် တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂ နှင့် ဆက်နွယ်သည့်**

**၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၃**

ဒေါ်ကြူးဖြင်ဆင်း နှင့် ဒေါ်ခင်ဖုန်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ် RAIII၊ မြေယာအမှတ်(၄)၊ ဦးပိုင်အမှတ်(၅)နေ တရားရှုံး ဒေါ်ခင်ဖုန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ကြူးဖြင်ဆင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းယုလွင်)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇/D၊ မြေကွက်အမှတ် ၆F/၁၂ အေ ၂၈၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ဒေါ်နန်းမိခေါ်ဟွဲအမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဒေါ်နန်းမိခေါ်ဟွဲနှင့် ၎င်း၏ ခင်ပွန်းသည် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၎င်းတို့သမီးများဖြစ်သည့် ဒေါ်ကျင်လန်းဒိမ်၊ ဒေါ်နန်းမ်မန်းကျိန်၊ ဒေါ်အွဲကျိန်ခိုင်တို့က ဆက်ခံပိုင်ဆိုင်ခွင့်ရှိသော အထက်ပါမြေကွက်နှင့် အဆောက်အအုံကို ကျွန်မ၏မိတ်ဆွေ ဒေါ်ကျင်လန်းဒိမ် သိရှိသဘောတူညီခြင်းမရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုပါရန်နှင့် ပြုလုပ်ခဲ့ပါက တရားမဝင်ပျက်ပြယ်သော လွှဲပြောင်းမှုသာ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲ(တရားလွှတ်တော်ရှေ့နေ)**
**LL.B, D.B.L, D.I.L, ABE(UK)**
**အမှတ်(၃)(၃လွှာ)၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၁၁၅၀၉**

## နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးကြောင်း အများသိစေရန်ကြော်ငြာ

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော မောင်စည်သူဝင်းခန့်အောင် (ဘ) ဦးဝင်းမြိုင် ၉/ပကခ(နိုင်)၀၅၄၉၅၈ နှင့် မမြတ်မျိုးမြင့်(ဘ) ဦးမျိုးနိုင် ၁၂/အစန(နိုင်)၂၂၈၅၇၂ တို့ (၂)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသည့် မောင်စည်သူဝင်းခန့်အောင်နှင့် မမြတ်မျိုးမြင့်တို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ပြီး (၂)ဦးစလုံး အရွယ်ရောက်ပြီးသူများဖြစ်ကြသဖြင့် မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအရ ကိုယ်စိတ်(၂) ပါးကျန်းမာစွာရှိနေချိန်တွင် ၂၃-၇-၂၀၂၅ ရက်၌ နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားခြင်းကတိစာချုပ်ပြုလုပ်ပြီး အသိသက်သေများနှင့်အတူ အကြင်လင်မယားဖြစ်ကြောင်းကို လက်မှတ်ရေးထိုးပြီးပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် မောင်စည်သူဝင်းခန့်အောင်နှင့် မမြတ်မျိုးမြင့်တို့ (၂)ဦးသည် အကြင်လင်မယားအဖြစ် တရားဝင်ပေါင်းသင်းနေထိုင်မည်ဖြစ်ပါကြောင်း ၎င်းတို့လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် မြွက်ဟကြေညာအပ်ပါသည်။

**မောင်စည်သူဝင်းခန့်အောင်နှင့် မမြတ်မျိုးမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရွှန်းလဲ့ဇော် (LL.B;D.B.L; D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၈၄)**
**အမှတ်(၃၇၉)၊ ဓမ္မာရုံလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉ ၄၄၉၄၆၄၅၉၂၊ ၀၉ ၉၅၅၆၄၁၄၄၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ အိမ်အမှတ် ၂/၁၄၇၊ (၉)လမ်း၊ ရွာကောက်ရပ်ကွက်နေ ဦးတင်သိန်းဦး ၉ /ပမန(နိုင်)၁၄၂၄၂၆၊ ဒေါ်စန်းစန်းရီ(ကွယ်လွန်)တို့၏သား မောင်ပြည့်ဖြိုးအောင်(ခ) မောင်မင်းကိုကိုသိန်း (ခ) ဂျမဲ ၉/ပမန(နိုင်)၂၈၈၀၂၉ သည် မိဘ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ဖခင်ဖြစ်သူအား ကိုယ်ထိလက်ရောက်စော်ကားခြင်းပြုခဲ့ပြီး ၎င်း၏စိတ်ဆန္ဒအရ ပြုမူနေထိုင်ပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် ငွေကြေး၊ လူမှုကိစ္စအဝဝအား ဖခင်ဖြစ်သူနှင့် ယနေ့မှစ၍ မပတ်သက်တော့ပါကြောင်းနှင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင် ဦးတင်သိန်းဦး**
**ဖုန်း-၀၉-၄၂၈၃၀၂၂၂၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ အိမ်အမှတ် ၂/၁၄၇၊ (၉)လမ်း၊ ရွာကောက်ရပ်ကွက်နေ ဦးတင်သိန်းဦး ၉/ပမန(နိုင်)၁၄၂၄၂၆၊ ဒေါ်စန်းစန်းရီ (ကွယ်လွန်) တို့၏သား မောင်ပြည့်စုံဦး(ခ) မောင်ဖိုးပြည့်စုံ ၉/ပမန(နိုင်)၂၈၈၀၃၀ သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏စိတ်ဆန္ဒအရ ပြုမူနေထိုင်ပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် ငွေကြေး လူမှုကိစ္စအဝဝအား ဖခင်ဖြစ်သူနှင့် ယနေ့မှစ၍ မပတ်သက်တော့ပါကြောင်းနှင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင် ဦးတင်သိန်းဦး**
**ဖုန်း-၀၉-၄၂၈၃၀၂၂၂၀**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
## ပန်းချီဦးတင်ဝင်း (ဗိသုနိုး)
### အသက်(၇၅ နှစ်)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဗိသုနိုး ပန်းချီပြခန်း တည်ထောင်သူ (ဦးအုံ့-ဒေါ်တင်လှ) တို့၏သား၊ (ဦးဘုန်းဝင်း-ဒေါ်တင်တင်နု) တို့၏သား သမက်၊ ဒေါ်စန္ဒာဘုန်းဝင်း၏ကျေးဇူးရှင်ခင်ပွန်း၊ ပန်းဇာဖြူ-(လွင်ကိုဦး)၊ ပန်းနုသွေး- Ryan Martin တို့၏ကျေးဇူးရှင်ဖခင်၊ Alan သော်မိုးထွဋ်၊ Gabrielle ခင်ရတီစံတို့၏ ကျေးဇူးရှင်အဘိုးဖြစ်သူ ပန်းချီ ဦးတင်ဝင်းသည် ၆-၈-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် မွန်းလွဲ ၂:၀၃ မိနစ် တွင် အမေရိကန်ပြည်ထောင်စု New York မြို့ရှိ The Mount Sinai Hospital တွင်ကွယ်လွန်အနိစ္စရောက်ရှိသွားပါကြောင်းနှင့် New York မြို့တွင် သဂြိုလ်ပြီး စီးပါကြောင်း ဆွေမျိုးမိတ်ဆွေများ အား ညှိုးငယ်စွာ အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား ဒါယိကာမ၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်တင်ကြည်
### အသက်(၈၈)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့်ဇနီး ဒေါက်တာဝင်းပုလဲ(ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)တို့၏ မိခင်ဖြစ်သူ ဒေါ်တင်ကြည်သည် (၃-၈-၂၀၂၅)ရက် (တနင်္ဂနွေနေ့) ညနေ၆:၅၉နာရီတွင် ပုသိမ်မြို့၊ ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ ၉၆ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းရုံးဝန်ထမ်းများ**
**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၈၂၉၉၈, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာမြင့် ၉/ခမစ (နိုင်) ၀၄၅၇၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/89316, Yes Sumbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထွန်းဝင်း ၉/မဟမ (နိုင်)၀၈၀၄၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ကြည်
### အသက် (၈၁) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ဆီမီးခုံမြို့နေ၊ (ဦးဘမှူး-ဒေါ်ပြွေ)တို့၏သမီး၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ သိမ်ရွာနေ ( ဦးထွန်းခင်-ဒေါ်သော် ) တို့၏ ချွေးမ၊ ဆီမီးခုံမြို့နေ (ဒေါ်မိန်းကလေး)၊ (ဒေါ်တင်)၊ (ဒေါ်ခင်)၊ (ဒေါ်ထင်)တို့၏တူမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ်-(၆၁၅/ဂျေ)နေ ( ဦးသန်းအောင် တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၏ ချစ်လှစွာသောဇနီး၊ ဦးသီဟအောင်- ဒေါ်ခင်စပါယ်မိုး၊ ဦးသူရအောင် (e Trade Myanmar Co., Ltd. )- ဒေါ်သီတာကျော်မြင့်သိန်း၊ ဦးလှမျိုး- ဒေါက်တာထင်လပြည့်ဝန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးများ မောင်ဟိန်းလင်းထက်၊ မရွှေအိမ်လင်း၊ မောင်ထူးမြတ်လင်း၊ မမေလင်းလက်မျိုးတို့၏ အဖွားဖြစ်သူသည် ၆-၈-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း (၁၃)ရက် ညနေ (၆)နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၂၅ ရက် (သောကြာနေ့) (၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်နေ့) မွန်းလွဲ (၁၂:၃၀) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၆၁၅/ဂျေ)၊ ပြည်လမ်း နေအိမ်မှကားများ နံနက် ( ၁၁:၃၀ ) နာရီတွင် ထွက်ခွာပါမည်။ )

ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၂၅ ရက် ( အင်္ဂါနေ့) နံနက် (၇)နာရီမှ(၁၀)နာရီအထိ အမှတ်-(၆၁၅/ဂျေ)၊ ပြည်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၄)၊ မြေကွက်အမှတ် (၄၃၃)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ဦးအောင်ထွန်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ညွန့်ညွန့်စိန် ၁၂/ဒဂတ(နိုင်)၁၄၁၅၅၆ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၃၈)**
**အမှတ်(၁၂)၊ ဒုတိယထပ်(ဝဲဘက်)၊ မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈၊ ၀၉-၂၅၄၆၁၇၂၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/9367 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလေး ၁၀/ရမန (နိုင်)၀၇၂၂၁၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၂၁၂၂၇ ယာဉ်လက်ဝယ်ရှိသူ ဦးနေမင်းထွန်း ၁၀/သဖရ(နိုင်)၀၈၆၄၀၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၇၈၃၈၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သိန်း ၁၀/ကမရ(နိုင်)၁၁၃၃၉၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီ၂၈ မိနစ်တွင် အမှတ်(၂)၊ တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစု**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ သည် ၇- ၈-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊**
**ဝန်ထမ်းမိသားစုများ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

နေပြည်တော်နေ ဒေါ်ခင်သက်ငွေး၏ ခင်ပွန်း၊ ကိုတာရာမြင့်ဆွေ-မခင်သက်ထားဆွေ၊ ကိုကျော်ဘုန်းမြင့်-မဖူးဖူးဖေတို့၏ ဖခင်၊ မြေး ၄ ယောက်တို့၏ အဖိုး ဦးမြင့်ဆွေ သည် ၇- ၈ - ၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီးနှင့်**
**ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇- ၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
### အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြညိမ်း ဒုတိယဥက္ကဋ္ဌ၊**
**အမျိုးသားလွှတ်တော်(ပထမအကြိမ်)**
**ဇနီး ဒေါ်မြင့်မြင့်သိန်း မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### သိက္ခာတော်ရ ဆရာကြီး ဒေါက်တာဦးသာဒင်
### အသက် (၉၅)နှစ်

ကြည့်မြင်တိုင်နှစ်ခြင်းအသင်းတော်၏ ဂုဏ်ထူးဆောင် သင်းအုပ်၊ သိက္ခာတော်ရ ဆရာကြီး ဒေါက်တာ ဦးသာဒင်သည် ၆-၈-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) ည ၇:၄၃ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီးဖြစ်သောကြောင့် ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကြည့်မြင်တိုင်နှစ်ခြင်းအသင်းတော်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုရှင်
### ကုန်သွယ်ရေး(၁၀) ဆေးနှင့် ဆေးပစ္စည်း(အငြိမ်းစား)
### အသက် (၈၄)နှစ်

ဦးထွန်းထွန်းစိုး-ဒေါ်ထွေးစုအောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်နုရှင် အသက် (၈၄)နှစ်သည် ၄-၈-၂၀၂၅ရက် (တနင်္လာနေ့) တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS (71) စည်သူတပ်ခွဲသူငယ်ချင်းများ**

## ဒေါ်တင်တင်လင်း
### သူနာပြုအုပ်(ငြိမ်း)၊ ထားဝယ်မြို့
### အသက်(၆၅)နှစ်

ထားဝယ်မြို့၊ တလိုင်းမရပ်၊ ရတနာလမ်း၊ အမှတ်(၄၀၆)နေ (ဦးထိန်လင်း)- ဒေါ်လှလှဝေတို့၏သမီး၊ ဦးအောင်လွင်၏ ချစ်လှစွာသောဇနီး ဒေါက်တာလင်းသီတာအောင်၊ ကိုသန့်ထွေးမော်-မလင်းသီရိအောင်တို့၏ မွေးသမိခင်၊ မြေး တစ်ယောက်၏အဘွား ဒေါ်တင်တင်လတ်သည် ၆-၈-၂၀၂၅ရက်တွင် (ဗုဒ္ဓဟူးနေ့) ည (၉:၃၅) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၅ရက် (စနေနေ့) မွန်းလွဲ (၁၂:၃၀) နာရီတွင် ကူးတို့ တရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## သိက္ခာတော်ရ ဆရာကြီး ဒေါက်တာ ဦးသာဒင်
### ဂုဏ်ထူးဆောင်သင်းအုပ်ဆရာကြီး၊
### ကြည့်မြင်တိုင်နှစ်ခြင်း အသင်းတော်
### အသက်(၉၅)နှစ်

ကြည့်မြင်တိုင်နှစ်ခြင်း ခရစ်ယာန် သာသနာဝင်းနေ (ဦးသင်- ဒေါ်ပု) တို့၏သားကြီး၊ (ဦးသာလွှန်း-ဒေါ်သစ်)တို့၏သားသမက်၊ (ဦးသာထူး- ဒေါ်ကျင်မြင့်)၊ (ဦးစံဝင်း-ဒေါ်အေးမြင့်)တို့၏အစ်ကိုကြီး၊ (ဒေါ်ဝင်းဝင်းမေ)၊ (ဦးမင်းဒင်)-ဒေါ်မိုးမိုးဆွေ(ထွန်းကော်မာရှယ်ဘဏ်)၊ ဦးမြတ်ဒင်-ဒေါ်မွန်မွန်စိုး၊ ဦးထွန်းဒင်-ဒေါ်ရတနာဦးတို့၏ဖခင်၊ ကိုသာမြတ်ထက်၊ မစိုးမြတ်မွန်၊ မဝင်းလဲ့မင်းဒင်၊ မဝင်းယုမင်းဒင်၊ Theodore Din တို့၏ ဘိုးဘိုးကြီး၊ (ဆရာမကြီး ဒေါ်ချိုရီလွှန်း) ၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၈-၂၀၂၅ ရက် ည ၇:၄၃ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၈-၂၀၂၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အင်းစိန် ကျမ်းစာကျောင်းကုန်းရှိ ဖူးသာဖြူခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ခရစ်ယာန် ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကျော်သန့်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီကန်လမ်း၊ အမှတ် ၃၈၈(က)နေ(ဦးအိုက်ကော(ခ)ဦးနာကောက်ဆွေ-ဒေါ်ဖုန်လန်)တို့၏ သား၊ ဒေါ်ခင်သူဇာငြိမ်း၏ခင်ပွန်း၊ ကိုပြည့်ဖြိုးသန့်၊ နန်းနေနွယ်ငြိမ်း၊ နန်းရတနာသန့်တို့၏ ဖခင်ကြီးသည် ၇-၈-၂၀၂၅ရက် နံနက် ၃:၂၀ နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၅ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးမြင့်ဆွေ
## ယာယီသမ္မတ
**အသက်(၇၅)နှစ်**

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သမ္မတအိမ်တော်ဝင်း၊ အိမ်အမှတ်(B-2)နေ၊ (ဦးကြီးမောင်-ဒေါ်ကြည်)တို့၏သားကြီး၊ (ဦးယုဝေ)-ဒေါ်ကြင်တင့်တို့၏သားသမက်၊ ဒေါ်ခင်သက်ဌေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်သက်ထားဆွေ-ဦးတာရာမြင့်ဆွေ၊ ဦးကျော်ဘုန်းမြင့်-ဒေါ်ဖူးဖူးဖေတို့၏ မွေးသဖခင်၊ မောင်အဂ္ဂမင်းဂေါင်၊ မမြဇ္ဈူသက၊ မကြယ်စင်ဘုန်းမြင့်၊ မဖြူစင်ဘုန်းမြင့်တို့၏အဘိုး ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)၊ နံနက် ၀၈:၂၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၁-၈-၂၀၂၅ ရက် (တနင်္လာနေ့) ၁၃:၃၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီးခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊**
**ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘဘ ဦးမြင့်ဆွေ (ယာယီသမ္မတ) ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ မြင့်မြတ်ရာဘုံဘဝသို့ ရောက်ရှိစံစားနိုင်ပါစေ။

**ကြေကွဲဝမ်းနည်းစွာဖြင့်**
**ကိုဖိုးသား+မထိုက်**
**ချစ်ပိုး၊ ရွှေပိုး၊ မြပိုး**

---

### ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
**အသက်(၇၅)နှစ်**

အ.ထ.က(၁)ဒဂုံ၊ မိဘဆရာအသင်း နာယက ဒေါ်ခင်သက်ဌေး၏ခင်ပွန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၈နာရီ၂၈မိနစ်တွင် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အ.ထက(၁)ဒဂုံကျောင်းအုပ်ကြီး၊ မိဘဆရာအသင်းနှင့်**
**ကျောင်းအကျိုးတော်ဆောင် အမှုဆောင်အဖွဲ့**

---

### ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
**အသက်(၇၅)နှစ်**

အသင်း၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်သက်ထားဆွေ၏ ဖခင်ဖြစ်သူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားပါကြောင်း ဝမ်းနည်းဖွယ်သတင်းကို ကြားသိရသည့်အတွက် အသင်းအနေဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းရပါသည်။

**"ယာယီသမ္မတ ဦးမြင့်ဆွေ မြင့်မြတ်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်"**

**မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး**
**ပူးပေါင်းဆောင်ရွက်မှုအသင်း**

---

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ဟိန်းပညာရိပ်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်းမှ ဖခင် ဦးမြသိန်း ၇/ကတခ(နိုင်)၁၂၅၂၃၇၏သမီး Grade-12 မှ မလရိပ်အေးမြအား မဖြိုးအိအိသွယ်ဟု အမည် ပြောင်းလဲခေါ်ဆိုပါရန်။

**မဖြိုးအိအိသွယ်**

---

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ် (၁၉)၊ အခန်း (၄၆/၄၇)နေ ဦးထွန်းမြင့် ၁၂/ဒဂန(နိုင်)၀၂၃၀၄၆ (AC-၀၄၀၂၉၀)၏ ဖခင်အမည်မှန်မှာ ဦးဆောင်းငါး ဖြစ်ပါကြောင်း။

**ဦးထွန်းမြင့်**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/7633, Mitsubishi Canter FE 70DB ယာဉ်လက်ဝယ်ရှိသူ ဦးအေးအိုက် ၁၃/ဟပတ(နိုင်)၀၁၇၄၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး**
**(လားရှိုး)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/98733, Honda 125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းခင် ၁၃/မတန(နိုင်) ၀၀၀၇၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/63873 Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်း ၅/ဘတလ(နိုင်) ၀၇၁၆၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)**

---

### ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇ - ၈ -၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့၊ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇ - ၈ - ၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီးခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊**
**ဝန်ထမ်းမိသားစုများ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇ - ၈ - ၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊**
**ဒုတိယဝန်ကြီးနှင့် ဇနီး၊**
**ဝန်ထမ်းမိသားစုများ**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ စက်ရေတွင်း ဒါယကာကြီး
## ဦးထွန်းရင် (စားထွေ၊ စီးပွား/ကူးသန်း)(အငြိမ်းစား)
[နေပြည်တော်၊ တပ်ကုန်း (ဆင်သေ)]
**အသက် (၈၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ (၄) လမ်း၊ အမှတ် (၇၁၉/၇၃၅)နေ (ဒေါ်သန်းမြ)၏ခင်ပွန်း၊ (ဦးဖိုးလှ-ဒေါ်လှရင်)တို့၏သား၊ ဒေါ်သန်းသန်းဦး (ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း)၊ ဦးခင်မောင်သန်း (သင်္ချာဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း)-ဒေါ်သင်းသင်းခိုင်၊ ဦးသန်းထိုက်-ဒေါ်ရင်ရင်နုတို့၏ဖခင်၊ မြေး မောင်ဘုန်းထိုက်ကျော်(ဒုတိယ အကောက်ခွန်မှူး အကောက်ခွန်ဦးစီးဌာန)၏အဘိုးသည် ၇-၈-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၅ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
**အသက် (၇၅) နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇- ၈- ၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊**
**အဖွဲ့ဝင်များနှင့်**
**ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၀၈:၂၈ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်**
**ဝန်ထမ်းမိသားစုများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘဘ ဦးမြင့်ဆွေ (ယာယီသမ္မတ) ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ မြင့်မြတ်ရာဘုံဘဝသို့ ရောက်ရှိစံစားနိုင်ပါစေ။

**ကြေကွဲဝမ်းနည်းစွာဖြင့်**
**မသီရိ**
**အိပို၊ မေပို**

---

### ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ အသက်(၇၅)နှစ် သည် (၇-၈-၂၀၂၅)ရက် (ကြာသပတေးနေ့) နံနက် ၀၈:၂၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**
**ဒဂုံဆိပ်ကမ်းစက်မှုမြို့**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်မြင့်မြင့်သန်း (စိုက်ပျိုးရေး-ငြိမ်း)
**အသက် (၇၈)နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်မောင်သန်း-ဒေါ်အမာ)တို့၏သမီးကြီး၊ ဦးခင်စိုး-ဒေါ်ခင်လေးမြင့်တို့၏အစ်မကြီး၊ (ဦးမောင်စိုး)၏ဇနီး၊ ဦးကြည်သာ-ဒေါ်အေးစန္ဒာဦး၊ ဦးထိန်ဝင်းအောင်-ဒေါ်မိုးသန္တာဦး၊ ဦးခိုင်မင်းထွေး-ဒေါ်ထက်ထက်လင်းတို့၏မွေးသမိခင်၊ မောင်ထွဋ်ခေါင်တင်-မခက်ခက်အောင်၊ မောင်တောက်ထွန်းခင်၊ မဇွန်ပွင့်ခင်၊ မရွှန်းရတီလင်း၊ မမြအမရာလင်းတို့၏အဘွား၊ မယွန်းထွဋ်ခေါင်တို့၏ဘွားဘွားကြီးဖြစ်သူ ဒေါ်မြင့်မြင့်သန်း အသက် (၇၈)နှစ်သည် ၆-၈-၂၀၂၅ရက် ည ၈ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၇-၈-၂၀၂၅ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

❖ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ် ...

❖ အစကောင်းမှ အနှောင်းသေချာမည်ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျဖြစ်စေရေး စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများအသုံးပြု၍ စနစ်တကျမြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပင်လောင်းလမ်းဆုံအနီးရှိ စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းစီမံကိန်းနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဩဂုတ် ၇

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# 2025 E-sports World Cup ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ၊ ပြည်သူများ သောင်းသောင်းဖြဖြကြိုဆို

ရန်ကုန် ဩဂုတ် ၇

ဆော်ဒီအာရေဗျနိုင်ငံ Riyadh မြို့တွင် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၃ရက်အထိ ကျင်းပခဲ့သည့် 2025 E–sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာနိုင်ငံမှ Yangon Galacticos အသင်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲရအားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ E – Sports အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ (ယာပုံ)

စာမျက်နှာ ၁၂ ကော်လံ ၁ ❖




ယနေ့ ဖတ် စ ရာ

စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင် — ပြည်တွင်းသတင်း စာ ၆

အဖြူရောင်အလင်းတိုင်များ — ဆောင်းပါး စာ ၁၀

ရေကြီးမှုနှင့် မြေပြိုကျမှုကြောင့် အိန္ဒိယနိုင်ငံ၌ လူပေါင်း ၅၀ ကျော် ပျောက်ဆုံးလျက်ရှိ — နိုင်ငံတကာသတင်း စာ ၁၄






## အယ်ဟီလယ်အသင်းက လီဗာပူးတိုက်စစ်ကစားသမား နူနက်ဇ်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိ

ဆော်ဒီပရိုလိဂ်ကလပ် အယ်ဟီလယ်အသင်းသည် လီဗာပူးအသင်းတိုက်စစ်ကစားသမား ဒါဝင်နူနက်ဇ်ကို ပြောင်းရွှေ့ကြေး ပေါင် ၄၆ ဒသမ ၃ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ဥရုဂွေးကစားသမား ဒါဝင်နူနက်ဇ်သည် ၂၀၂၂ ခုနှစ် ဇွန်လတွင် ကနဦးပြောင်းရွှေ့ကြေး ပေါင် ၆၄ သန်းဖြင့် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းမှ အန်းဖီးလ်သို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းသည် လီဗာပူးအသင်းအတွက် ၁၄၃ ပွဲ ပါဝင်ကစားထားပြီး ဂိုး ၄၀ သွင်းယူပေးထားနိုင်သည်။

စာမျက်နှာ ၉ ကော်လံ ၃ ❑

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဩစတြေးလျကို အနိုင်ယူ

ရန်ကုန် ဩဂုတ် ၇

၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(B) ပထမနေ့ကို ဩဂုတ် ၇ ရက်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းက ဩစတြေးလျအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်အတွက် အရေးပါသည့် နိုင်ပွဲတစ်ပွဲဖြစ်ခဲ့ပြီး ပုံစံကောင်းပြသကာ အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျအသင်းသည် ယူ–၂၃ အသင်းကို စေလွှတ်သော်လည်း အာရှထိပ်သီးအသင်းတစ်သင်းပီသစွာ ကစားနိုင်ခဲ့ပြီး မြန်မာအသင်းအနေဖြင့် နှစ်ဂိုးစတင်သွင်းယူနိုင်ခဲ့၍သာ အနိုင်သုံးမှတ် ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ယုကီတက်ဆုရိုသည် မျိုးမြမြင့်မိမ်း (ဂိုး)၊ မေသက်မွန်မြင့်၊ နှင်းပွင့်အေး၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ ဖြူဖွေး၊ ခင်မိုမိုထွန်း၊ ရှုပါခိုင်၊ စန်းသော်သော်နှင့် ဝင်းသိင်္ဂီထွန်းတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့ပြီး ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရရှိခဲ့သည်။ ၃၂ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးရခဲ့ပြီး

စာမျက်နှာ ၁၃ ကော်လံ ၁ ❍



မြန်မာအသင်းနှင့် ဩစတြေးလျအသင်း ယှဉ်ပြိုင်စဉ်။